ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

ပဉ္စမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၄.၁၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ၁-၈-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်ပခရီးစဉ်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဆေးကုသရန်။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်။ ဗိုလ်မှူးကြီး လှဝင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်တို့နဲ့ ဗိုလ်မှူးမျိုးမောင်သိန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်တို့ပဲဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ(၁၂)ဦးဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနဲ့ ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့ပေါ် ရပ်ကွက်များအတွင်း မြေပိုင်ဆိုင်မှု အထောက်အထားကင်းမဲ့စွာ နေထိုင်ကြရသည့် နိုင်ငံသားများအား ခိုင်မာသည့် တရားဝင် အထောက်အထား (Legal Document) နှင့် မြေငှားဂရန် (Lease) ရရှိစေရန် စီမံချက်ချ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ က ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့ပေါ် ရပ်ကွက်များအတွင်း မြေပိုင်ဆိုင်မှု အထောက်အထားကင်းမဲ့စွာ နေထိုင်ကြရသည့် နိုင်ငံသားများအား ခိုင်မာသည့် တရားဝင်အထောက်အထား (Legal Document) နှင့် မြေငှားဂရန် (Lease) ရရှိစေရန် စီမံချက်ချဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များ ကျက်သရေ မင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်တယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် အမှတ်(၉) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဘူးသီးတောင်မြို့ပေါ်ရပ်ကွက်များအတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ကင်းမဲ့စွာ နေထိုင်နေကြရတဲ့ နိုင်ငံသားများအား ခိုင်မာသည့် တရားဝင်အထောက်အထား (Legal Document) နှင့် မြေငှားဂရန် (Lease) ရရှိစေရန် စီမံချက်ချမှတ်ပြီး ဆောင်ရွက်သွားမည့် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ကို ၁၈၉၈ ခုနှစ်၊ အောက်မြန်မာပြည် မြို့နဲ့ ကျေးရွာများအက်ဥပဒေအရ ၁၉၀၅ ခုနှစ်မှာ အင်္ဂလိပ်အစိုးရမှ "မြို့"အဖြစ်သတ်မှတ် တည်ထောင်ခဲ့ ပါတယ်။ ယခုအခါ မြို့တည်သက်တမ်းမှာ နှစ်(၁၁၀)ပြည့်သွားပြီး ဖြစ်ပါတယ်။ အင်္ဂလိပ်အစိုးရ လက်ထက်မှာ မြေဂရန်ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါ။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက် (၄၁)နှစ်အကြာ ၁၉၈၉ ခုနှစ်မှစ၍ ဘူးသီးတောင်မြို့မှာ မြေဂရန်ထုတ်ပေး ခြင်းများ ဆောင်ရွက်လာပါတယ်။

သို့သော် ၁၉၈၉ မှ ၂၀၁၆ ခုနှစ်အထိ (၂၇)နှစ်ကာလအတွင်း လူနေအိမ်(၁၅၁)ဆောင် အတွက်သာ မြေဂရန်ထုတ်ပေးထားသည်ကို တွေ့ရှိရပါတယ်။ ဘူးသီးတောင်မြို့တွင် ရပ်ကွက်(၇)ခုနှင့် အိမ်ခြေ(၂၅၀၀)ကျော်ခန့်ရှိပါတယ်။ အိမ်ခြေ(၂၅၀၀)ကျော်အနက်မှ အိမ်ခြေ(၁၅၁)ဆောင်အတွက် သာ ဂရန်ထုတ်ပေးနိုင်ခြင်းမှာ သက်ဆိုင်ရာဌာနများရဲ့ တာဝန်ယူမှုနဲ့ တာဝန်ခံမှုအားနည်းချက်ကြောင့် ဖြစ်ပါတယ်။ တိုးပွားလာတဲ့ လူနေအိမ်များနဲ့ တိုးပွားလာတဲ့ လူဦးရေများကြောင့် မြေပိုင်ဆိုင်မှု၊ အငြင်းပွားမှုများနဲ့ မြေစီမံခန့်ခွဲမှု ပြဿနာများ ပေါ်ပေါက်လာနေပါတယ်။

ဘူးသီးတောင်မြို့ရပ်ကွက်များဟာ အစိုးရမှ စီမံချထားပိုင်ခွင့်ရှိသော မြေများဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆ တွင် "နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိ ပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမည်"လို့ ဖော်ပြပါရှိပါတယ်။

သို့ဖြစ်ပါ၍ ဘူးသီးတောင်မြို့ပေါ် ရပ်ကွက်များအတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ကင်းမဲ့စွာ နေထိုင်နေကြရတဲ့ နိုင်ငံသားများအား ခိုင်မာသည့် တရားဝင်အထောက်အထား (Legal Document) နှင့် မြေငှားဂရန် (Lease) ရရှိစေရန် စီမံချက်သတ်မှတ်ပြီးဆောင်ရွက်သွားမည့် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**မြန်မာနိုင်ငံတစ်ဝန်း အရက်၊ ဘီယာ သောက်သုံးမှုကြောင့် ကျန်းမာရေး ဆိုးရွားစွာ ထိခိုက်မှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုနှင့် လူသေဆုံးမှုတို့ကြောင့် အရက်၊ ဘီယာ သောက်သုံးသူ လျှော့ချရေးနှင့် ဈေးကွက်အတွင်းရှိ အရည်အသွေးမမီသော အရက်၊ ဘီယာများကို စိစစ်ပိတ်ပင်ရန်နှင့် အခွန်တိုးကောက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင် က မြန်မာနိုင်ငံတစ်ဝန်း အရက်၊ ဘီယာ သောက်သုံးမှုကြောင့် ကျန်းမာရေး ဆိုးရွားစွာ ထိခိုက်မှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုနှင့် လူသေဆုံးမှုတို့ကြောင့် အရက်၊ ဘီယာ သောက်သုံးသူ လျှော့ချရေးနှင့် ဈေးကွက်အတွင်းရှိ အရည်အသွေးမမီသော အရက်၊ ဘီယာများကို စိစစ်ပိတ်ပင်ရန်နှင့် အခွန်တိုးကောက်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်ဟာ အမျိုးသားလွှတ်တော်ရဲ့ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ အချိန်မလောက်ရင်လည်း အနည်းငယ်ထပ်တိုးပေးဖို့ ကြိုတင်မေတ္တာရပ်ခံပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မြန်မာနိုင်ငံတစ်ဝန်း အရက်၊ ဘီယာများ သောက်သုံးမှုကြောင့် ကျန်းမာရေးဆိုးရွားစွာထိခိုက်မှု၊ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုနှင့် လူသေဆုံးမှုတို့ကြောင့် အရက်၊ ဘီယာများကို သောက်သုံးသူ လျှော့ချရေးနှင့် ဈေးကွက်အတွင်းရှိ အရည်အသွေးမမီသော အရက်၊ ဘီယာများကို စိစစ်ပိတ်ပင်ရန်၊ အခွန်တိုးကောက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း၊ အကျိုးအကြောင်းဖော်ပြချက်၊ မြန်မာနိုင်ငံတွင် အရက်၊ ဘီယာ၊ ယမကာအမျိုးမျိုးကို သောက်သုံးကြပါတယ်။ (၈၂) ရာခိုင်နှုန်းဟာ ဘီယာ၊ (၁၂)ရာခိုင်နှုန်းဟာ အရက်ပြင်း၊ (၆)ရာခိုင်နှုန်းဟာ ဝိုင်အရက်ကို သောက်ကြပါတယ်။

ကျေးရွာနှင့် ရပ်ကွက်အချို့တွင် အရက်ဆီများကို အချိုးကျရောစပ်မှုမရှိခြင်း၊ စနစ်တကျဖော်စပ်ခြင်းမရှိဘဲ ချက်ချင်းဖျော် ချက်ချင်းသောက်ခြင်း၊ တရားမဝင် ချက်အရက်သောက်ခြင်းတို့ကြောင့် အသက်အန္တရာယ်ကို ထိခိုက်စေပါတယ်။ ရပ်ကျေးအများစု သာရေး၊ နာရေးကိစ္စတွေမှာလည်း အရက်ဟာ မပါမဖြစ်ယဉ်ကျေးမှုတစ်ရပ်လို ဖြစ်နေပါတယ်။ ကျား/မ မရွေး၊ အရွယ်မရွေးသောက်သုံးနေကြသည်မှာ အရက်နဲ့ ဘီယာတို့ဖြစ်ပါတယ်။

ဈေးကွက်အတွင်း အလွယ်တကူရရှိသည့် အချို့သော အရက်များ၊ အရက်ဆီများ၊ အခြားအမည်အမျိုးမျိုးဖြင့် ဝိုင်များ၊ ယမကာများသည် ကျန်းမာရေးကို လွန်စွာထိခိုက်ပြီး၊ အထူးသဖြင့် သက်လတ်နှင့် လူငယ်များတွင် အရက်ကြောင့် သေဆုံးမှုနှုန်းသည် မြင့်နေပါသည်။ ယခုဆိုလျှင်

အသက်(၁၈)နှစ် မပြည့်သေးသူများ အရက်၊ ဘီယာသောက်နေကြသည်ကိုလည်း အများအပြားတွေ့နိုင်ပါတယ်။ ဤသည်မှာ သောက်သည့်သူနှင့် ရောင်းသည့်သူပါ ဥပဒေမဲ့ လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ အရက်ကြောင့် အသက်(၂၀)နှစ်နဲ့ (၄၀)နှစ်ကြား လုပ်အားရှိသည့်အရွယ်များတွင် စောစီးစွာသေဆုံးကြပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလို ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံအတွက် လူ့စွမ်းအား အရင်းအမြစ်များ ဆုံးရှုံးနေခြင်းသည် တိုင်းပြည်အတွက် လွန်စွာနစ်နာလှပါတယ်။ ဖခင်က အရက်သမား သို့မဟုတ် ဖခင်မဲ့ ကလေးများရဲ့ ကျန်းမာရေး၊ ပညာရေးကို မစောင့်ရှောက်နိုင်တော့သဖြင့် ပညာမဲ့ကလေးများ များလာခြင်းသည် တိုင်းပြည်ရဲ့အနာဂတ်အတွက် စိုးရိမ်ရပါတယ်။ အရက်ကြောင့် အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ ပန်ကရိယရောင်ခြင်း၊ အစာအူသိမ်အနာဖြစ်ခြင်း၊ အာရုံကြောပျက်စီးခြင်း၊ အစာပြွန်နှင့် စအိုတွင် သွေးကြောပေါက်ခြင်းစသည့်ရောဂါများဖြင့် အသက်ဆုံးရှုံးကြပါတယ်။ ဆေးရုံအရေးပေါ်ဌာနများတွင် မတော်တဆဖြစ်မှုများ၏ လေးပုံသုံးပုံသည် အရက်ကြောင့်ဖြစ်ပါတယ်။ လူသတ်မှု၊ မုဒိမ်းမှု၊ မိမိသမီးရင်းကိုပင် အဓမ္မပြုကျင့်မှု၊ ယာဉ်မတော်တဆတိုက်မှု၊ HIV အပါအဝင် လိင်က တစ်ဆင့် ကူးစက်ရောဂါများပျံ့နှံ့မှု၊ အကြမ်းဖက်မှု၊ ရာဇဝတ်မှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုများသည် အရက်သောက်ခြင်းကြောင့် အဖြစ်များပါတယ်။ အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်တွင် အရက်ရောင်းချခွင့်၊ သောက်သုံးခွင့်တရားဝင်ပိတ်ပင်လိုက်သည်မှာ အတုယူရမည့် နမူနာကောင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိမိအနေဖြင့် နိုင်ငံသူ/နိုင်ငံသားများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိမေးမြန်းလိုသည်မှာ (၁) မြန်မာနိုင်ငံတွင် အရက်သောက်သုံးမှု လျော့နည်းအောင် အရက်၊ ဘီယာများကို အရည်အသွေးလည်းမမီ၊ လိုင်စင်လည်းမရှိသည့် ဥပဒေမဲ့ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများကို စိစစ်ပိတ်ပင်ရန်နှင့် အခွန်တိုးကောက်ရန် အစီအစဉ်ရှိ/မရှိနှင့် (၂) အရက်နှင့်ဆိုင်သော ကျန်းမာရေး ပညာပေးမှု အစီအစဉ်များကို တစ်နိုင်ငံလုံး၊ လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ ပညာပေးရေး အစီအစဉ်ရှိ/မရှိတို့ကိုသိရှိလိုပါကြောင်း လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကျော်ဇံ မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဘူးသီးတောင်မြို့ပေါ်ရှိ ရပ်ကွက်(၇)ရပ်ကွက်ရှိပြီးတော့ ရခိုင်တိုင်းရင်းသားလူမျိုးစုများ၊ ဟိန္ဒူလူမျိုးများ၊ ဘင်္ဂါလီလူမျိုးများ ရောနှောနေထိုင်လျက်ရှိပြီးတော့ အိမ်ခြေ စုစုပေါင်း(၃၉၃၃)အိမ်ထောင်ရှိကြောင်း သိရှိရပါတယ်။ မြို့ပေါ်ရပ်ကွက်(၇)ခုမှာရှိတဲ့ အိမ်ခြေ(၃၉၃၃)ရှိတဲ့အနက်မှာ ရခိုင်တိုင်းရင်းသားများနေထိုင်တဲ့ အိမ်ခြေ(၁၄၅၄)အိမ်၊ ဘင်္ဂါလီလူမျိုးများ နေထိုင်တဲ့ နေအိမ်(၁၅၂၂)အိမ်၊ ဟိန္ဒူလူမျိုးများနေထိုင်တဲ့ နေအိမ်(၁၂၇)အိမ် ရှိကြောင်းလည်း သိရှိရပါတယ်။

ဘူးသီးတောင်မြို့နယ်မှာ မြေငှားဂရန်(၁၅၁)ခုသာ ထုတ်ယူထားရှိပြီး ကာလရှည်ကြာစွာ မြေငှားဂရန်လျှောက်ထားမှုမရှိတဲ့အတွက် မြေငှားဂရန်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်ပေးလျက်ရှိကြောင်းလည်း ဂရန်လျှောက်ထားနိုင်ရေး ပြည်သူလူထုကို အသိပေးဆောင်ရွက်သွားနိုင်ဖို့အတွက် မောင်တောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၂၀၁၅ ခုနှစ်၊ ဧပြီလ(၂၇)ရက်နေ့မှာ အကြောင်းကြား ဆောင်ရွက်ခဲ့ပါတယ်။ ဘူးသီးတောင်မြို့ပေါ်ရှိ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့် ပြည်သူတို့ထံအသိပေးဆောင်ရွက်မှုများကိုလည်း ပြုလုပ်ခဲ့တဲ့အပြင် မြေငှားဂရန်လျှောက်ထားမှုများအား ပိုမိုတိုးမြှင့်လာစေရေးအတွက်လည်း မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၅ ခုနှစ်၊ မေလ(၁၉)ရက်နေ့မှာလည်း ထပ်မံပြီး အသိပေးဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်တဲ့အခါမှာ အနည်းဆုံး မြို့နယ်တစ်မြို့နယ်လျှင် မြေငှားဂရန်(၂၅၀)စီဆောင်ရွက်လာနိုင်စေရေးကိုလည်း ၂၀၁၅ ခုနှစ်မှာပဲ ထပ်မံအကြောင်းကြားခဲ့ပါတယ်။ ဒီလို အကြောင်းကြားချက်အရ ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူးမှ ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အစည်းအဝေး ပြုလုပ်ပြီး တစ်ရပ်ကွက်လျှင် မြေငှားဂရန်(၅၀)စီလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားရန် စီမံချက်ရေးဆွဲဆောင်ရွက်ခြင်း၊ မြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းပြီး မြေငှားဂရန်လျှောက်ထားစေရေး အသိပညာပေးဟောပြောပြီး မြေငှားဂရန်လျှောက်ထားနိုင်ရေး ဆောင်ရွက်ခဲ့တဲ့အခါမှာ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများမှာ မြေငှားဂရန်(၅၀)ခု လျှောက်ထားလာခဲ့ကြောင်း သိရှိရပါတယ်။

ဒီလျှောက်ထားလာတဲ့ မြေငှားဂရန်(၅၀)ခုအနက်မှာ မြေယာအရှုပ်အရှင်းကင်းပြီး မြေပိုင်ဆိုင်မှုအထောက်အထား အစုံအလင်နဲ့ မြေငှားဂရန်(၁၆)ခုကို ၁၂-၅-၂၀၁၆ ရက်နေ့နှင့် ၁၅-၆-၂၀၁၆ ရက်နေ့မှာ ထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ကျန်အမှုတွဲ(၃၄)တွဲကို ကာယကံရှင်များသို့ ဆက်သွယ်ပြီး မြေပိုင်ဆိုင်မှုအထောက်အထား တောင်းခံတဲ့အခါမှာ (၂၉)ခုဟာ ၂၀၁၆ ခုနှစ်၊ ဇွန်လ (၂၀)ရက်နေ့မှာ မြေပိုင်ဆိုင်မှုအထောက်အထားများ ပြည့်စုံစွာ တင်ပြလာပြီးဖြစ်တဲ့အတွက် ခရိုင်အုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းစဉ်အရ ဆက်လက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒီလိုတင်ပြချက်အရ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ(၂၂)ရက်နေ့မှာ လျှောက်ထားလာတဲ့ မြေနဲ့အဆောက်အဦဟာ လမ်းနယ်နိမိတ် ဧရိယာအတွင်းမှာ ပါဝင်မှုရှိ/မရှိ သက်ဆိုင်ရာဌာနရဲ့ စိစစ်ပြန်ကြားချက်၊ လျှောက်ထားမြေပေါ်မှာ သုံးပေ

နှစ်ပေရှိတဲ့ ဗီနိုင်းနဲ့ ကန့်ကွက်လွှာခေါ်ယူမှု မှတ်တမ်းဓာတ်ပုံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှာ ကန့်ကွက်လွှာခေါ်ယူမှု မှတ်တမ်းဓာတ်ပုံ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှာ ကန့်ကွက်လွှာခေါ်ယူမှု မှတ်တမ်းဓာတ်ပုံစတဲ့ လိုအပ်ချက်များ ပြည့်စုံစွာဆောင်ရွက်ပြီး ပြန်လည်တင်ပြရန် ဆောင်ရွက်ခဲ့တဲ့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လိုအပ်တဲ့အချက်များ ပြုစုဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ကျန်အမှုတွဲ(၅)တွဲမှာ ကန့်ကွက်လွှာခေါ်ယူပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှာ ကန့်ကွက်လွှာပြည့်တဲ့အတွက် မြေယာအရှုပ်အရှင်း ရှိ/မရှိကို မြို့နယ်အုပ်ချုပ်ရေးမှူးမှ လျှောက်ထားသည့်နေရာသို့ ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း လိုအပ်တဲ့အထောက်အထားများ ပြည့်စုံတဲ့အခါမှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဌာနသို့ ဆက်လက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မြေငှားဂရန်လာရောက်လျှောက်ထားပါက လျှောက်ထားရာမှာ အဓိကကျတဲ့ မြေပိုင်ဆိုင်မှု မြေစာရင်း ပုံစံ (၁၀၅/၁၀၆)ရရှိရေးကိုလည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးစာရင်းဦးစီးဌာနတို့နှင့် ပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊ အခြားဌာနဆိုင်ရာများနဲ့ ဆက်သွယ်ပေါင်းစပ်ပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့ပေါ်မှာ အနောက်ရပ်ကွက်၊ မြို့မရပ်ကွက်၊ မြို့သစ်ရပ်ကွက်၊ သပြေကုန်းရပ်ကွက်၊ မြို့သစ်တောင်ရပ်ကွက်နဲ့ မီးရထားဆိပ်ရပ်ကွက်၊ တောင်ရပ်ကွက်ဟူ၍ ရပ်ကွက်(၇)ခုရှိပြီး ရပ်ကွက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ကင်းမဲ့စွာ နေထိုင်ကြတဲ့ နိုင်ငံသားများကို ခိုင်မာတဲ့ တရားဝင်အထောက်အထားနဲ့ မြေငှားဂရန်ရရှိစေရေးအတွက် လျှောက်ထားလိုတယ်ဆိုရင် အောက်ပါ စာရွက်စာတမ်းများပူးတွဲပြီး သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို လျှောက်ထားနိုင်ကြောင်း အသိပေးတင်ပြလိုပါတယ်။

ပထမအချက် လျှောက်ထားသူရဲ့ လျှောက်လွှာ၊ (၂) မြေစာရင်းပုံစံ (၁၀၅/၁၀၆)၊ (၃) မြေပေးအမိန့် အပါအဝင် မြေနှင့်ပတ်သက်သည့် အထောက်အထားများ၊ (၄) အသက်(၁၈)နှစ်ပြည့်ပြီးသည့် နိုင်ငံသားဖြစ်သူ ကျေးရွာအုပ်စုအတွင်းနေထိုင်သူ၊ (၅)နိုင်ငံသားစိစစ်ရေးကတ်ရှိသူ၊ (၆) လျှောက်ထားသူပါဝင်သည့် အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆) မိတ္တူ၊ (၇) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များ ပါရှိရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများဟာ လျှောက်ထားလာတဲ့ စာရွက်စာတမ်းများအပေါ် သတ်မှတ်ချက်နဲ့ ပြည့်စုံမှုရှိ/မရှိ၊ လျှောက်ထားတဲ့မြေဟာ နိုင်ငံတော်က ချထားပိုင်ခွင့်မြေ ဟုတ်/မဟုတ်၊ မြေတိုင်းတာ ပြီး/မပြီး စိစစ်ပြီး ပြည့်စုံပါက အမှုတွဲဖွင့်လှစ်ပြီး သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးစာရင်း ဦးစီးဌာနတို့ပါဝင်တဲ့အဖွဲ့ဖြင့် လျှောက်ထားတဲ့နေရာသို့ ကွင်းဆင်းစစ်ဆေးစိစစ်ခြင်း၊ ကန့်ကွက်လွှာ ခေါ်ယူခြင်း၊ သက်သေများကို မေးမြန်းစိစစ်ခြင်းများ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလို ကွင်းဆင်းဆောင်ရွက်ရာမှာ အရှုပ်အရှင်းကင်းသူကို ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးကော်လိတ်တော်အရာရှိဟာ အထက်မြန်မာပြည်မြေနဲ့ အခွန်နည်းဥပဒေ ၅၁(ခ)နဲ့ အောက်မြန်မာပြည်မြို့နှင့် ကျေးရွာများ နည်းဥပဒေ ၉ တို့အရ မြေငှားဂရန်များ ထုတ်ပေးနိုင်ပြီး အဆောက်အဦ ခိုင်မာမှုပေါ်မူတည်ပြီး (၁၀)နှစ် မြေငှားဂရန်၊ နှစ်(၃၀)မြေငှားဂရန်များ ထုတ်ပေးလျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

သို့ရာတွင် အောက်ပါအခြေအနေများမှာတော့ မြေငှားဂရန်ထုတ်ပေးနိုင်ခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။ (၁) မြေတည်ရှိရာ ရပ်ကွက်အတွင်းနေထိုင်မှုမရှိသူကို လူနေထိုင်ရန်အတွက် မြေငှားဂရန်ချပေးနိုင်ခြင်းမရှိပါ။ (၂) မြန်မာနိုင်ငံသား ဥပဒေအရ နိုင်ငံခြားသားအဖြစ်သတ်မှတ်ခံယူရသူ၊ နိုင်ငံခြားသားဖြစ်သူအား မြေငှားဂရန်ထုတ်ပေးခြင်းမပြုပါ။ (၃) တရားမကြောင်းအရ သက်ဆိုင်ရာ တရားရုံးတွင် ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် မြေကို မြေငှားဂရန်ထုတ်ပေးခြင်းမပြုပါ။ (၄) ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော မြေများကို မြေငှားဂရန် ထုတ်ပေးခြင်းမပြုပါ။(၅) ဧရိယာအကျယ် ပေ (၂၀x၆၀) ဧကအားဖြင့် (၀.၀၂၇၅)ဧကထက် လျော့နည်းသည့်မြေများကို မြေငှားဂရန် ထုတ်ပေးခြင်း မပြုပါ။ (၆) အနားလေးရပ်ခိုင်မာမှုမရှိသည့် ကျေးရွာမြေကို မြေငှားဂရန် ထုတ်ပေး ခြင်းမပြုပါ။(၇) ဝင်လမ်း/ထွက်လမ်းမရှိသည့် မြေများကို မြေငှားဂရန်ထုတ်ပေးခြင်းမပြုပါ။ (၈) အဆောက်အအုံ ဆောက်လုပ်အသုံးပြုထားခြင်းမရှိသော မြေများကို မြေငှားဂရန် ထုတ်ပေးခြင်းမပြုပါ။ (၉) မြစ်၊ ချောင်းနှင့် ရေကန်များကို ကျော်ခိုင်းဆောက်လုပ်ထားသည့် အဆောက်အအုံ မြေများကိုလည်း မြေငှား ဂရန် ထုတ်ပေးခြင်း မပြုပါ။ (၁၀) မီးရထားလမ်း၊ ကားလမ်း နယ်နိမိတ် ဧရိယာအတွင်းမှာရှိတဲ့ မြေများ ကိုလည်း မြေငှားဂရန်ထုတ်ပေးခြင်းမပြုပါ။ (၁၁) မဟာဓာတ်အားလိုင်းအတွင်း ကျရောက်လျက် ရှိသော မြေများကို မြေငှားဂရန် ထုတ်ပေးခြင်းမပြုပါ။ (၁၂) မြေငှားဂရန် ထုတ်ပေးရန် မသင့်ကြောင်း သက်ဆိုင်ရာဌာနတစ်ခုခုမှ ဥပဒေနှင့်အညီ ကန့်ကွက်တားမြစ်ထားသည့် မြေများကို မြေငှားဂရန် ထုတ်ပေးခြင်း မပြုပါ။

သို့ပါ၍ မြေပိုင်ဆိုင်မှုခိုင်မာတဲ့ အထောက်အထား၊ မြေဂရန်ရယူလိုတဲ့ ဆန္ဒရှိသူ ဒေသခံ ပြည်သူများအနေနဲ့ ဂရန်လျှောက်ထားရာမှာ ပါဝင်ရမယ့်အချက်များ ပြည့်စုံစွာပါရှိပါက ဆောင်ရွက် ပေးနိုင်တဲ့အတွက် ဖော်ပြပါရပ်ကွက်များမှာ မြေငှားဂရန်လျှောက်ထားမှုနဲ့ပတ်သက်ပြီး ၁၄-၆-၂၀၁၆ ရက်နေ့ကနေ ၁၉-၆-၂၀၁၆ ရက်နေ့အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်းပြီး မြေပြင်ကွင်းဆင်းကာ ဂရန်လျှောက် ထားမှုနဲ့ ပတ်သက်တဲ့ အသိပညာပေး ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် အသိပညာ ပေးမှုများကိုလည်း ထပ်မံဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

သတ်မှတ်ချက်နဲ့အညီ လျှောက်ထားလာသူတွေကို စိစစ်ပြီး မြေငှားဂရန်ထုတ်ပေးသွားမှာ ဖြစ်ကြောင်းနှင့် ဘူးသီးတောင်မြို့နယ်၊ မြို့ပေါ်ရပ်ကွက်များ မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် လည်း မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ ကစတင်ပြီး စီမံချက်ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေနဲ့ ပဲခူးတိုင်း ဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ၂၀၁၄ ခုနှစ်အတွင်း ကောက်ယူခဲ့ သော သုတေသနစစ်တမ်းများအရ မြန်မာနိုင်ငံမှာ အမျိုးသားများ (၃၈.၁)ရာခိုင်နှုန်းနဲ့ အမျိုးသမီးများ (၁.၅) ရာခိုင်နှုန်းအရက်၊ ဘီယာ၊ ယမကာ တစ်မျိုးမျိုးကို သောက်သုံးကြကြောင်း သိရှိရပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေ၊ ၁၉၂၈ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုး နည်းဥပဒေများ၊ ၁၉၂၉ ခုနှစ်၊ ယစ်မျိုး ညွှန်ကြားချက်များ၊ ၁၉၁၇ ခုနှစ် ယစ်မျိုးအက်ဥပဒေအရ ထုတ်ပြန်သော အမိန့်ကြော်ငြာစာများနှင့် ၂၀၁၅ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေတို့ကို ကျင့်သုံးပြီး ယစ်မျိုးဆိုင်ရာ စီမံခန့်ခွဲရေး လုပ်ငန်းများဖြစ်တဲ့ ယစ်မျိုးလိုင်စင်ချထားပေးခြင်း၊ ယစ်မျိုးလေလံလိုင်စင်များ ရောင်းချခြင်း၊ ယစ်မျိုးခွန်များ ပြေကျေစွာ ကောက်ခံရရှိရေးဆောင်ရွက်ခြင်း၊ ယစ်မျိုးလိုင်စင်များ စနစ်တကျရရှိစေရေး၊ ယစ်မျိုးလုပ်ငန်းများစစ်ဆေးခြင်း၊ စည်းကမ်းပျက်ယစ်မျိုးလိုင်စင်များ ပိတ်သိမ်းအရေးယူခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ယစ်မျိုးလိုင်စင်ရယူခြင်းမရှိဘဲ ထုတ်လုပ်ရောင်းချခြင်း၊ လိုင်စင်ခွင့်ပြုချက်ထက် ကျော်လွန်ဆောင်ရွက်လုပ်ကိုင်နေခြင်းများကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယစ်မျိုးမှုခင်းများ စုံစမ်းထောက်လှမ်းခြင်း၊ ဖမ်းဆီးတရားစွဲဆိုခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်းကောင်း၊ ယစ်မျိုးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းလုပ်ငန်းများကို တရားရုံးအဆင့်ဆင့်မှလည်းကောင်း၊ ယစ်မျိုးအက်ဥပဒေ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ယစ်မျိုးအစီအစဉ်များ ခွင့်ပြုရာမှာလည်း ယစ်မျိုးမူဝါဒနှင့်အညီ တစ်နှစ်ထက်တစ်နှစ် လျှော့ချခွင့်ပြုလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခဲ့ရာမှာ ၂၀၁၂-၂၀၁၃ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ လိုင်စင်အရေအတွက် (၄၁၂၉၃)ခုရှိရာမှာ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ခွင့်ပြုလိုင်စင်အရေအတွက်ဟာ (၄၁၁၅၁)ခု ဖြစ်တဲ့အတွက် (၁၄၁)ခုကို ယခင်ထက် လျှော့ချခွင့်ပြုလျက်ရှိပါတယ်။ အရည်အသွေးမမီသော အရက်၊ ဘီယာများ ထုတ်လုပ် ရောင်းချခြင်းမရှိစေရန် အရက်၊ ဘီယာ၊ ဝိုင်ထုတ်လုပ်မှုများကိုလည်း အများပြည်သူသောက်သုံးရန် သင့်/မသင့်၊ နှစ်စဉ်ဓာတုဗေဒစစ်ဆေးမှုခံယူစေလျက်ရှိရာမှာ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၊ နှစ်စဉ်ယစ်မျိုးအစီအစဉ်တွင် ခွင့်ပြုထားရှိတဲ့ အရက်ချက်စက်ရုံ လိုင်စင်၊ ပေါင်းဖိုဖြင့်ချက်လုပ်တဲ့ လိုင်စင်မှ ထွက်ရှိတဲ့အရက်တွေကို အများပြည်သူသောက်သုံးရန် ဖြန့်ဖြူးရောင်းချရာမှာ အန္တရာယ် ဖြစ်စေနိုင်တဲ့ ဓာတုဗေဒပစ္စည်းများ ပါဝင်ခြင်းရှိ/မရှိကို ဓာတုဗေဒဝန်ရုံးမှာ လည်းကောင်း၊ ပေါင်းစပ်၊ ရောနှော၊ အရောင်ဆိုး၊ အနံ့ထည့်၊ ပုလင်းသွပ်၊ ဘီယာချက်လုပ်ခွင့်၊ ဝိုင်ထုတ်လုပ်ခွင့်လိုင်စင်များ၊ ထုတ်လုပ်သောအရက်၊ ဘီယာ၊ ဝိုင်တွေကို အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှာ လည်းကောင်း စစ်ဆေးမှုများ ခံယူစေလျက်ရှိပါတယ်။ ဒီလိုစစ်ဆေးမှုများ ခံယူခြင်းမပြုပါက သို့မဟုတ် စစ်ဆေးမှုခံယူသော်လည်း အန္တရာယ်ဖြစ်စေသော ဓာတုဗေဒပစ္စည်းများ ပါဝင်နေပါက အဆိုပါလိုင်စင်မှ အရက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းကို ရပ်ဆိုင်းထားစေရန်အတွက် သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကိုလည်း ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

ယစ်မျိုးအခွန်မှာ လိုင်စင်ခကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံပြီး ယစ်မျိုးသက်ဝင်ပစ္စည်းထုတ်လုပ်ရောင်းချမှုအပေါ် ကုန်စည်နှင့် ဝန်ဆောင်မှုအခွန်အဖြစ် ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိပါတယ်။ ယစ်မျိုးလိုင်စင် စီမံခန့်ခွဲမှုများမှာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်များ အပြည့်အဝရရှိစေရန် လိုင်စင်မဲ့ဆောင်ရွက်မှုများကို ဥပဒေနဲ့အညီ စနစ်တကျရှိ

စေရေးအတွက် ယစ်မျိုးလိုင်စင်ခွန်များကို တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့(Task Force) ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ ရက်နေ့မှာ ညွှန်ကြားချက်အရ ဗဟိုအဖွဲ့နှင့်တိုင်းဒေသကြီး၊ ပြည်နယ်ခရိုင်၊ မြို့နယ်အလိုက် ယစ်မျိုးလိုင်စင်အခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ယစ်မျိုးဆိုင်ရာလုပ်ငန်းများကို စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုစစ်ဆေး ဆောင်ရွက်မှုများအရ ယစ်မျိုး ဖမ်းဆီးရမိမှုများမှာ ၂၀၁၁ ခုနှစ်မှာ အမှုပေါင်း(၁၅၅၅၈)မှု၊ ၂၀၁၂ ခုနှစ်မှာ (၁၇၀၉၆)မှု၊ ၂၀၁၃ ခုနှစ်မှာ (၁၈၇၀၀)မှု၊ ၂၀၁၄ ခုနှစ်မှာ (၁၇၆၈၇)မှု၊ ၂၀၁၅ ခုနှစ်မှာ (၁၉၃၈၅)မှုနဲ့ အခု ၂၀၁၆ ခုနှစ်မှာ အခုအခြေအနေထိ အမှုပေါင်း (၃၉၈၈)မှု ဖမ်းဆီး အရေးယူလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေပါ တရားမဝင် ယစ်မျိုးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သယ်ယူခြင်းတို့နှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်နှင့် ဒဏ်ငွေများကို ထိရောက်ဟန့်တားသော ပြစ်ဒဏ်ဖြစ်စေဖို့အတွက် ခေတ်ကာလနှင့် လျော်ညီသော ဒဏ်ငွေချမှတ်နိုင်ဖို့အတွက် မြန်မာနိုင်ငံ ယစ်မျိုးအက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၆၆ အဖြစ် ပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ယစ်မျိုးအခွန်ကောက်ခံခြင်းနှင့်ပတ်သက်၍ ယခင်က ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ခဲ့တဲ့ လိုင်စင်နှုန်းထားများအတိုင်း နိုင်ငံတစ်ဝန်းလုံးမှာ တစ်ပြေးညီ ကောက်ခံခဲ့သော်လည်း ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ကို ရည်ညွှန်းသည့် ဇယား(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအရ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များမှ ဥပဒေနှင့်အညီ ကိုက်ညီဆီလျော်သည့် နှုန်းထားများဖြင့် ယစ်မျိုးခွန်ဥပဒေပြဋ္ဌာန်းပြီး ယစ်မျိုးခွန်နှုန်းထား သတ်မှတ်မှုများအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရဲ့ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံလျက်ရှိပြီး တိုင်းဒေသကြီး၊ပြည်နယ် ရန်ပုံငွေစာရင်းသို့ ပေးသွင်းလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြည်ထောင်စုနယ်မြေဖြစ်သော နေပြည်တော်မှာ ယစ်မျိုးခွန်နှုန်းထားများကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၃ ခုနှစ် မေလ ၈ ရက်နေ့ အမိန့်ကြော်ငြာစာဖြင့်လည်းကောင်း၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့ အမိန့်ကြော်ငြာစာဖြင့်လည်းကောင်း ပြင်ဆင်သတ်မှတ်ခဲ့ပြီး ကောက်ခံရရှိငွေများကို ပြည်ထောင်စုဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းထားရှိပါတယ်။ ကောက်ခံမှုနှုန်းထား ပြင်ဆင်မှုအနေဖြင့် ယခင်က B1 လိုင်စင်များကို ယခင်က အခွန်အဖြစ်(၁၅)သိန်း ကောက်ခံခဲ့ရာမှာ ယခု တိုးမြှင့်ချက်အရ ကျပ်သိန်း(၁၀၀)တိုးမြှင့်ကောက်ခံလျက်ရှိပါတယ်။ ယခင်က ကျပ်(၁)သိန်းသာ ကောက်ခံခဲ့တဲ့ လိုင်စင် (၄)မျိုးအတွက် ယခုအခါမှာ ငွေကျပ်(၁၀)သိန်းအထိ တိုးမြှင့်ကောက်ခံလျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အောက်မှာရှိတဲ့ ဦးစီးဌာနများနှင့်ပူးပေါင်းပြီး အရက်ရဲ့ဆိုးကျိုးများကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ကျန်းမာရေး ထိခိုက်မှုများ၊ လူမှုစီးပွားပြဿနာများ၊ ကျန်းမာရေးပညာပေးအစီအစဉ်တွေမှာ ထည့်သွင်းပြီး ပြည်သူလူထုကို ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဆက်လက်ပြီး အရက်၏ ဆိုးကျိုးတွေကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ရုပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့်အစီအစဉ်များ မှာ ထည့်သွင်းပညာပေးဖြန့်ဝေရန်နဲ့ ကျောင်းနေအရွယ်ကလေးများ အရက်သောက်သုံးမှုကင်းဝေးစေ ရန်၊ ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်းများမှာ ထည့်သွင်းပြီး ကျန်းမာရေးပညာပေးရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ကုသရေးဦးစီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ စိတ်ကျန်းမာရေး စီမံချက်နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ အရက်၊ ယမကာသုံးစွဲမှုလျော့နည်းရေးနှင့် ပတ်သက်သည့် မူဝါဒ ပေါ်ပေါက်လာစေဖို့အတွက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့မှာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ပူးပေါင်းပြီးလည်းကောင်း၊ "အရက်၊ယမကာ သုံးစွဲမှု လျော့နည်းရေးမူဝါဒနှင့် မဟာဗျူဟာများ ရေးဆွဲရေး" ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နဲ့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တို့မှာ ဆက်စပ်တဲ့ ဝန်ကြီး ဌာနများနဲ့ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါတယ်။ ပြုလုပ်ခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲများ၊ ညှိနှိုင်းဆွေးနွေးပွဲများမှာ ထွက်ရှိလာတဲ့ ရလဒ်များအပေါ် အခြေခံပြီး ကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းစဉ်များကိုလည်း အလေးအနက်ထား ဆောင်ရွက်လျက်ရှိ ကြောင်း သိရှိရပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဟာ အရက်သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာတဲ့ အန္တရာယ်ကာကွယ်ကုသခြင်းနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအနေနဲ့ (၁)၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း အရက်သောက်သုံးမှုကြောင့် ဖြစ်ပေါ်လာသော အန္တရာယ်ကာကွယ်ကုသရေးနှင့် ပတ်သက်ပြီး ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်ထုတ်ဝေ ဖြန့်ဖြူးရန်။ (၂) ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွင်း ဆရာဝန်များ အလွယ်တကူ အသုံးပြု နိုင်ရန် အရက်သောက်သုံးမှုကြောင့် ဖြစ်ပေါ်သော အန္တရာယ်ကာကွယ်ကုသရေးနှင့် ပတ်သက်ပြီး လက်စွဲစာအုပ် (လမ်းညွှန်စာအုပ်) ထုတ်ဝေရန်။ (၃) အရက်သောက်သုံးမှုကြောင့် ဖြစ်ပေါ်သော အန္တရာယ်ကာကွယ် ကုသရေးနှင့်ပတ်သက်ပြီး သင်တန်းများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအလိုက် ပြုလုပ်ပြီး သင်တန်းတက်ရောက်ပြီးသူများမှတစ်ဆင့် အသိပညာဆင့်ပွားနိုင်ရန်။ (၄) အရက်သောက် သုံးမှုကြောင့် ဖြစ်ပေါ်လာသော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာရောဂါများနှင့် လူမှုဒုက္ခအကြောင်း များကို ကျန်းမာရေး ပညာပေးအနေဖြင့် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ကျောင်းများတွင် အခါအခွင့် သင့်တိုင်း ပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် သတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။ ဒါ့အပြင် အရက်ဆိုးကျိုး၊ ကျန်းမာရေး ပညာပေးမှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက် လျက်ရှိသော တစ်နိုင်ငံလုံးကျယ်ပြန့်စေရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာပညာ

နှင့်ကုသရေးဦးစီးဌာနတို့မှ အရက်စွဲရောဂါကုသရေးစီမံချက်တို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အရက်၊ ဘီယာ၊ ဝိုင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရာမှာ သောက်သုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်တဲ့ ဓာတုပစ္စည်းများ ပါဝင်ခြင်းရှိ/ မရှိကို ဓာတုဗေဒဝန်ရုံးနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့တွင် စစ်ဆေးမှုခံယူ စေပြီး ထောက်ခံချက်ရရှိမှသာ ဖြန့်ဖြူးရောင်းချစေလျက်ရှိပြီး စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေမဲ့ ဆောင်ရွက်မှုများအပေါ် ထိရောက်ဟန့်တားသော ပြစ်ဒဏ် ဖြစ်စေရန် မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်း ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြဋ္ဌာန်းထားရှိခဲ့ပါကြောင်း၊ လိုင်စင်မဲ့ဆောင်ရွက်မှုများကို ဥပဒေနှင့်အညီ စနစ်တကျ အရေးယူနိုင်ရန်အတွက် ယစ်မျိုးလိုင်စင်ခွန်များကို တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့များဖွဲ့စည်းပြီး မြို့နယ်အဆင့်အထိ အဆင့်ဆင့်ဖွဲ့စည်း စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယစ်မျိုးခွန်နှုန်းထားများကို သက်ဆိုင်ရာနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုးမြှင့် သတ်မှတ်ထားပြီး ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အစဖြစ်သည့် ဧပြီလ ၁ ရက်နေ့မှစ၍ ကောက်ခံလျက်ရှိသည့်အတွက် လတ်တလောအခွန်နှုန်းထားများ တိုးမြှင့်ပြင်ဆင်ရန် မရှိသေးပါကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှလည်း အရက်ဆိုးကျိုး၊ ကျန်းမာပညာပေးမှု ဆောင်ရွက်လျက်ရှိသည့်အပြင် တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာပညာနှင့် ကုသရေးဦးစီးဌာနမှ အရက်စွဲရောဂါ ကုသရေးစီမံချက်တို့ဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ ကျေးရွာခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါး အန္တရာယ်ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည် ပြုစုကုသ ပျိုးထောင်ပေးသည့်စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းသည့် အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း က တင်သွင်းထားတဲ့ ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင် ရပ်ကွက်/ကျေးရွာခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသော နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးမှုများ ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသပျိုးထောင်ပေးသည့် စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးနှင့် စပ်လျဉ်းတဲ့ အဆိုကို ဆွေးနွေးဖို့ လွှတ်တော်

ကိုယ်စားလှယ် (၁၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ယနေ့ လွှတ်တော်ကိုယ်စားလှယ် (၉)ဦး ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုများကို ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၁ (က)အရ လိုရင်းတိုရှင်း ဆွေးနွေးရမည်။ ဆွေးနွေးချိန် (၁၀)မိနစ် ထက် မပိုဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ ကျွန်တော် (၁၀)မိနစ်ပေးပါမယ်။ အဲဒီ(၁၀)မိနစ်အတွင်းမှာ လိုရင်း တိုရှင်းနဲ့ ဆွေးနွေးဖို့ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၀း၃၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လတ် ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှာ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှာ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်ခမ်း တင်သွင်းတဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အသိပညာပေးရေးနှင့် မူးယစ်ဆေးသုံးစွဲသူများ ပြန်လည်ပြုစုကုသရေးဆိုင်ရာ အဆိုကို အကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး ပြဿနာဟာ ကိုလိုနီစနစ်ရဲ့ အမွေဆိုးလို့ပြောဆိုကြပါတယ်။ မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေး တာဝန်တစ်ရပ်လို့သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ဖို့ ကြိုးပမ်းခဲ့ကြပါတယ်။ တပ်မတော်အစိုးရ တာဝန်ယူစဉ်ကာလမှာလည်း ၂၀၁၄ ခုနှစ်မှာ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါး ကင်းစင်ရမယ်လို့ မျှော်မှန်း ချက်ထားဆောင်ရွက်ခဲ့ပေမယ့် အောင်မြင်မှု မရရှိခဲ့ပါဘူး။ မဟာဗျူဟာ(၂)ရပ်၊ နည်းဗျူဟာ (၃)ရပ် သတ်မှတ်ပြဋ္ဌာန်းပြီး တိုက်ဖျက်ခဲ့ပေမယ့် တရားမဝင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ် ရောင်းဝယ် ဖောက်ကားမှုတွေ လျော့ကျမသွားဘဲ တိုးလာတာကိုပဲ မြင်တွေ့ ကြားသိနေခဲ့ရပါတယ်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ (UNODC) ရုံးရဲ့ ၂၀၁၆ ခုနှစ်၊ ကမ္ဘာ့ မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာအရ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးတရားမဝင်ထုတ်လုပ်မှု တိုးလာ တယ်လို့ ဆိုပါတယ်။ ရွှေတြိဂံ ဒေသရဲ့ ဘိန်းစိုက်ပျိုးမှုဟာလည်း လွန်ခဲ့တဲ့ (၁၀)နှစ်ကထက် (၃)ဆ ပိုလာ တယ်လို့ဆိုပါတယ်။ မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများအတွက် စိတ်ကြွဆေးပြား၊ ဘိန်းနဲ့ ဘိန်းဖြူ ဖြန့်ဖြူးပေးရာ အဓိကနိုင်ငံကြီးဖြစ်လာကြောင်း၊ အဲဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုတွေလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးတော့ တိုးပွားများပြားလာပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးမှုမရှိတဲ့ နယ်စပ်ဒေသတွေနဲ့ မငြိမ်းချမ်းသေးတဲ့နယ်မြေတွေမှာ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်နေတာကြောင့်လည်းကောင်း၊ တချို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပါဝင်ပတ်သက်နေတာကြောင့်လည်းကောင်း၊ မူးယစ်ဆေးဝါး

တားဆီးနှိမ်နင်းမှုတွေ မအောင်မမြင်ဖြစ်ရတယ်လို့ ဆိုပါတယ်။ မကြာခင်မှာပဲ အစိုးရသစ်က ဦးဆောင်ကျင်းပတော့မယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်ခဲ့မယ်ဆိုရင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လူနေမှုဘ၀ ဖွံ့ဖြိုးတိုးတက်လာပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို ပိုမိုသိရှိနားလည်လာတာနဲ့အမျှ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ ကိုလိုနီစနစ်ရဲ့ အမွေဆိုးကို မြန်မာ့မြေပေါ်က အပြီးတိုင် ဖယ်ရှားနိုင်ဖို့ အခြေအနေမှန်ကို ခံစားနားလည်ပြီး လက်တွဲပူးပေါင်း ဆောင်ရွက်ကြဖို့လိုပါတယ်။ မကြာခင်ကျင်းပတော့မယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအောင်မြင်အောင် လက်တွဲပူးပေါင်းကူညီ ဆောင်ရွက်ပေးကြပါလို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးကို ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေနဲ့ မေတ္တာရပ်ခံ တိုက်တွန်းပန်ကြားလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မူးယစ်ဆေးဝါးအန္တရာယ်ဟာ မြန်မာနိုင်ငံ မြို့ကြီး၊ မြို့ငယ်တွေသာမက ကျေးရွာဇနပုဒ်တွေအထိ ပျံ့နှံ့ရောက်ရှိနေပါပြီ။ မူးယစ်ဆေးဝါးကြောင့် နိုင်ငံရဲ့ လူသားအရင်းအမြစ်များ ဆုံးရှုံးနေရမှု၊ နိုင်ငံရဲ့ လူမှုစီးပွားထိခိုက်နစ်နာရမှုတွေဟာ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်လို့နေပါပြီ။ တရားမဝင် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်၊ သယ်ဆောင် ရောင်းဝယ်မှုတွေမှာ ဥပဒေစိုးမိုးရေးအဖွဲ့ဝင်များ ပါဝင်ပတ်သက်နေတာကြောင့် ပြဿနာကို ပိုမိုကြီးထွားစေသလို တပ်ဖွဲ့ရဲ့ ဂုဏ်သိက္ခာ၊ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကို ကြီးကြီးမားမား ထိခိုက်စေပါတယ်။ ၂၀၁၃ ခုနှစ်က ကလေးမြို့မှာ အကျင့်ပျက်ခြစားမှု၊ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ် ဖောက်ကားမှုများနဲ့ပတ်သက်ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် လက်အောက်ခံအရာရှိတွေ အရေးယူခံရတာတွေ၊ လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က ကျွန်တော်ရဲ့ မဲဆန္ဒနယ် တမူးမြို့မှာ တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုတွေနဲ့ ဥပဒေဘက်တော်သားတချို့ အရေးယူအပြစ်ပေးခံရတာတွေ၊ ဇူလိုင်လ ၂၆ ရက်နေ့က ရခိုင်ပြည်နယ် မောင်တောမြို့နယ်အခြေစိုက် နယ်ခြားစောင့် ရဲတပ်ဖွဲ့ကင်းစခန်းမှာ ကျပ်သိန်းပေါင်း(၆၀၀၀)တန်ဖိုးလောက်ရှိတဲ့ WY စိတ်ကြွဆေးပြား(၃)သိန်းခန့် ဖမ်းဆီးရမိလို့ ရဲတပ်ဖွဲ့ဝင်(၇)ဦးကို စစ်ဆေးနေရတာတွေ ရှိခဲ့ပါတယ်။ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ဖမ်းဆီးရမှုတွေကို ကြည့်မယ်ဆိုရင်လည်းပဲ ဆေးသုံးစွဲသူများနဲ့ လက်လီရောင်းချသူများ၊ ပမာဏ အနည်းငယ်ကိုသာ သယ်ဆောင်သူများကို ဖမ်းဆီးရမိပြီး ပါဝင်ပတ်သက်ခဲ့တဲ့ ဥပဒေဘက်တော်သားတွေကို အရေးယူ အပြစ်ပေးခဲ့ပေမယ့် မူးယစ်ဆေးဝါးကြောင့် နာမည်ဂုဏ်သတင်းကြီးနေတဲ့ မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်တွေ၊ မူးယစ်ရာဇာတွေကို ယနေ့အထိ ဘာကြောင့် မဖမ်းဆီးနိုင်သေးတာလဲဆိုတာကို ပြည်သူတွေက မေးခွန်းထုတ်နေကြပါတယ်။ ဒီလိုအခြေအနေတွေကို ထောက်ရှုပြီး မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးမူဝါဒတွေကို ပြန်လည်သုံးသပ်သင့်ပါကြောင်း ပြည်သူများ ကိုယ်စား အကြံပြုတိုက်တွန်းလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးချင်းနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်သွယ်ပူးပေါင်းပြီး တားဆီးနှိမ်နင်းမှုတွေ လုပ်ဆောင်ရာမှာလည်း မူဝါဒရော၊ မဟာဗျူဟာ၊ နည်းဗျူဟာများပါ ပြောင်းလဲပြင်ဆင်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျွန်တော့် အတွေ့အကြုံအရ ပြောရမယ်ဆိုရင် မြန်မာအစိုးရအဆက်ဆက်နှင့် အိန္ဒိယအစိုးရတို့ဟာ နယ်ခြားဒေသအရေး၊ စီးပွားကုန်သွယ်ရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွေ၊ ဒေသအဆင့်၊ နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ခဲ့ပေမယ့် ထိရောက်မှုမရှိတာကိုပဲ တွေ့မြင်နေရဆဲဖြစ်ပါတယ်။ စိတ်ကြွဆေးပြား ချက်လုပ်ရာမှာ အသုံးပြုတဲ့ Pseudoephedrine နဲ့ အစပျိုး ဓာတုဆေးဝါးများဟာ တစ်ဖက် အိန္ဒိယနိုင်ငံ

ကနေ နယ်စပ်ဖြတ်ကျော်ပြီး မြန်မာနိုင်ငံထဲကို တရားမဝင် ဝင်ရောက်လာတာဖြစ်ပါတယ်။ အဲဒီလို ဝင်ရောက်လာတာဟာ ဆယ်စုနှစ်(၂)ခုကျော်၊ (၃)ခုနီးပါး ရှိနေခဲ့ပြီဖြစ်ပါတယ်။ နယ်စပ်ဖြတ်ကျော်ဝင် ရောက်လာပြီး တမူးမြို့၊ ကလေးမြို့၊ ပခုက္ကူ၊ မုံရွာ၊ မန္တလေးမြို့တွေကနေတစ်ဆင့် တခြားနယ်စပ် တွေဆီထိ ပျံ့နှံ့ရောက်ရှိသွားတာသိပါလျက်နဲ့ တားဆီးနှိမ်နင်းမှုတွေထိထိရောက်ရောက် မလုပ်နိုင် တာဟာ တပ်ဖွဲ့ဝင်အင်အား၊ တပ်ဖွဲ့ဝင်များရဲ့ စွမ်းရည်၊ တပ်ဖွဲ့ဝင်များရဲ့ နိုင်ငံတော်အပေါ်သစ္စာရှိမှု တွေ ပြန်လည်သုံးသပ်ရမယ့် အချိန်ရောက်ပြီလို့ သတိပေးနေတာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ ဥပမာတစ်ခုတင်ပြပါရစေ။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ် တမူး မြို့နယ်ဟာ မူးယစ်ဆေးဝါးသယ်ဆောင်၊ ရောင်းဝယ်ဖောက်ကားမှုမှာရော၊ သုံးစွဲမှုမှာပါ အမည်ဆိုးနဲ့ ကျော်ကြားတဲ့ နယ်စပ်မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ တားဆီးနှိမ်နင်းရေး စီမံချက်အရ နေပြည်တော်က အထူးရဲများ ရောက်ရှိလာပြီဆိုရင် မူးယစ်ဆေးဝါးသယ်ဆောင်၊ ရောင်းဝယ် ဖောက်ကားသူလို့ အမည် စာရင်း ကျော်ဇောသူတွေဟာ တမူးမြို့ပေါ်က မြေလှိုးမိုးပျံ ကြက်ပျောက်ငှက်ပျောက် ပျောက်ဆုံး ကုန်ကြပါတယ်။ မြို့ပေါ်က မူးယစ်ဆေးဝါးသုံးစွဲသူများဟာ တစ်ဖက်အိန္ဒိယနိုင်ငံ မိုးရေးမြို့မှာရှိတဲ့ တရားမဝင် ဘိန်းခန်းတွေ၊ ဆေးခန်းတွေဆီသွားပြီး ဆေးသုံးစွဲနေကြတာ တွေ့မြင်နေရဆဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လ ပထမအပတ်က တမူးမြို့ပေါ်မှာရှိတဲ့ မူးယစ်ဆေး သုံးစွဲသူများဟာ တမူးမြို့၊ မြို့မ ရပ်ကွက်မှာတည်ရှိတဲ့ မြို့ဦးစေတီက စိန်ဖူးတော်ကိုပင် ခိုးယူသွားခဲ့ပြီး မိုးရေးမြို့မှာ မူးယစ်ဆေးဝါးနဲ့ လဲလှယ်သုံးစွဲခဲ့တဲ့အထိ အခြေအနေဆိုးဝါးနေခဲ့ပါတယ်။ အဲဒီ ဘိန်းခန်းတွေ၊ ဆေးခန်းတွေ ပိတ်သိမ်း နိုင်ဖို့ဆိုရင် အိန္ဒိယအစိုးရနဲ့ မြန်မာအစိုးရ၊ မဏိပူရပြည်နယ်အစိုးရနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရတို့ ညှိနှိုင်းဆောင်ရွက်ပြီး တားဆီးနှိမ်နင်းရေးကြိုးပမ်းမှုတွေ လုပ်ဆောင်သင့်သလို၊ မူးယစ် ဆေးဝါးအန္တရာယ်အသိပညာပေးမှု လုပ်ငန်းတွေမှာလည်း တမူးမြို့နဲ့ မိုးရေးမြို့မှ အရပ်ဖက် အဖွဲ့ အစည်းများ၊ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အစီအမံများ ချမှတ်ပေးဖို့ တိုက်တွန်းလိုပါတယ်။ အိန္ဒိယ နိုင်ငံမှာ တရားဝင်ခွင့်ပြုထားတဲ့ အိမ်သုံးဆေးဝါးအချို့မှာ စိတ်ကြွဆေးပြား ချက်လုပ်ရာမှာ အသုံးပြုတဲ့ Pseudoephedrine ဓာတုပစ္စည်းပါဝင်မှုရာခိုင်နှုန်း များပြားနေတာကြောင့် မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ထားတာဟာလည်း မူဝါဒအရ ထည့်သွင်းစဉ်းစားရမည့် အချက်(၁) ချက် ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းလိုပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ် တမူးမြို့မှာ မူးယစ်ဆေးဝါး သုံးစွဲသူဦးရေဟာ ရာဂဏန်းအထိ ရှိနေပါတယ်။ UNODC က ၂၀၁၄ ခုနှစ်မှာ ကောက်ယူထားတဲ့ စာရင်းအရ ကလေးမြို့မှာ မူးယစ်ဆေး အကြောထဲ ထည့်သွင်းသူချည်းပဲ (၁၂၀၀) ရှိတယ်လို့ ဆိုပါတယ်။ မူးယစ်ဆေးဝါးကို ပုံစံမျိုးစုံနဲ့ သုံးစွဲသူအရေအတွက်ဆိုရင် ဒီထက် နှစ်ဆ၊ သုံးဆပိုများနိုင်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် မူးယစ်ဆေးဝါးသုံးစွဲသူဦးရေဟာ မတွေးရဲလောက်အောင် များပြား နေနိုင်ပါတယ်။ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်းတွေကို စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများရဲ့ အကူအညီရယူပြီး ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဌာနတွေရဲ့ ပူးပေါင်းအားနှင့် အရှိန်အဟုန်မြင့်ဆောင်ရွက်သင့်ပါကြောင်းနှင့် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တိုင်းရင်းသားညီအစ်ကိုအားလုံး ပူးပေါင်းပြီး မူးယစ်ဆေးဝါး အန္တရာယ်ကို

မြန်မာ့မြေပေါ်က အပြီးတိုင် ဖယ်ရှားပစ်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များ၊ လေ့လာသူဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ မွန်ပြည်နယ် အမှတ်(၅) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုနဲ့ စပ်လျဉ်း ပြီးတော့ ဆွေးနွေးသွားမှာပါ။ ဆွေးနွေးရာမှာ မူးယစ်ဆေးဝါးပြဿနာဟာ ရှမ်းပြည်နယ်မြောက်ပိုင်း တစ်ခွင်သာမက နိုင်ငံတစ်ဝန်းမှာ ရင်ဆိုင်နေရတဲ့ ပြဿနာကြီး တစ်ရပ်ဖြစ်တယ်ဆိုတာကို မီးမောင်း ထိုးပြလိုခြင်း၊ နိုင်ငံတော်အနေနဲ့ ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ ဘယ်အချက်တွေကို အဓိကထား ထည့်သွင်းစဉ်းစားရမလဲဆိုတာကို အကြံပြုလိုခြင်း၊ စတဲ့ရည်ရွယ်ချက်တွေနဲ့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံအနေနဲ့ ၁၉၆၁ခုနှစ် ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်း၊ ၁၉၈၁ ခုနှစ်၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ကွန်ဗင်းရှင်းနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု ကွန်ဗင်းရှင်းများမှာ အဖွဲ့ဝင်အဖြစ် သဘောတူ လက်မှတ်ရေးထိုးထားခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံအတွင်း မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများအနေနဲ့ ၁၉၉၄ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ၁၉၉၅ခုနှစ်မှာ နည်းဥပဒေ၊ ၂၀၀၂ ခုနှစ်မှာ တရားမဝင်သော နည်းလမ်းဖြင့်ရရှိသော ငွေကြေးနှင့်ပစ္စည်းများဆိုင်ရာ ဥပဒေ၊ ၂၀၀၄ ခုနှစ်မှာ ထိန်းချုပ် ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံတော်အဆင့် အဖွဲ့အစည်းတွေ အနေနဲ့ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများချက်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတု ပစ္စည်းများ ကြီးကြပ်ရေးကော်မတီ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့တို့ ရှိပါတယ်။ မူးယစ်ဗဟိုအဖွဲ့အနေနဲ့ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို ၁၉၉၀ မှ ၂၀၁၄ အထိ ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ ဘိန်းစိုက်ပျိုးမှု ပိုမိုမြင့်တက် လာခြင်း၊ စိတ်ကြွဆေးဝါးသုံးစွဲမှုပြဿနာများ၊ လူငယ်ထုအတွင်း ပိုမိုပျံ့နှံ့လာခြင်းနှင့် အခြား စိတ်ကြွ ဆေးဝါးအသစ်များ ပေါ်ထွက်လာခြင်းတို့ ဖြစ်လာပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေး၊ မူးယစ်ဆေးဝါး အမြစ်ပြတ်ချေမှုန်းရေးနှင့် မူးယစ်ဆေးဝါး ကင်းစင်သော လူ့ဘောင်တစ်ရပ် ဖော်ဆောင်ရေးလို့ ကြွေးကြော်နေရင်းနဲ့ပဲ ကမ္ဘာ့မူးယစ်ဆေးဝါးထုတ်လုပ်ရေးမှုမှာ မြန်မာနိုင်ငံဟာ အာဖဂန်နစ္စတန် ပြီးရင် နံပါတ်(၂)နေရာကို ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီအချက်အလက်ကိုတော့ ကမ္ဘာ့ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး၊ (United Nations Office on Drugs and Crime)

(UNODC) ရဲ့ အစီရင်ခံစာအရ သိရတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ဘိန်းစိုက်ပျိုးမှုရဲ့ (၉၀)ရာခိုင်နှုန်း ကျော်ဟာ ရှမ်းပြည်နယ်မှာ စိုက်ပျိုးတာ ဖြစ်ပါတယ်။ ဘိန်းဖြူအများဆုံး ထွက်ရှိရာဒေသဟာလည်း ရှမ်းပြည်နယ်က ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ထွက်ရှိမှုရဲ့ (၈၀)ရာခိုင်နှုန်းကျော် ရှိပါတယ်။ Yaba လို့ ခေါ်တဲ့ Amphetamine (WY) စိတ်ကြွဆေးပြားများဟာ ရှမ်းပြည်မြောက်ပိုင်းနှင့် တရုတ်-မြန်မာနယ်စပ်တို့မှာ အများဆုံးထွက်ရှိပြီးတော့ ပြည်တွင်းပြည်ပကို နည်းလမ်းမျိုးစုံနဲ့ သယ်ဆောင်ဖြန့်ဖြူးနေတယ်လို့ သိရှိရပါတယ်။ ၂၀၁၅ ခုနှစ် တစ်ခုနှစ်ထဲမှာပဲကို ဖမ်းဆီးရမိတဲ့ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း သန်း(၅၀) ရှိပြီးတော့ ၂၀၁၆ ခုနှစ်မှာတော့ ယခု ဇန်နဝါရီလကနေပြီးတော့ ဇွန်လအထိ စိတ်ကြွဆေးပြား (၄၆) သန်း ကျော် ဖမ်းဆီးရမိထားပြီလို့ သိရပါတယ်။

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ထုတ်လုပ်ဖို့အတွက် ဓာတုပစ္စည်း မရှိပါဘူး။ အိမ်နီးချင်း အိန္ဒိယ၊ ထိုင်း၊ တရုတ်တို့ကနေ တရားမဝင် နည်းလမ်းမျိုးစုံနဲ့ နိုင်ငံအတွင်းကို ရောက်ရှိလာတာဖြစ်ပါတယ်။ ကမ္ဘာ့မူးယစ်ဆေးဝါးထုတ်လုပ်မှုမှာ ကျွန်မတို့နိုင်ငံက ဒုတိယ နေရာမှာ ရှိတယ်ဆိုပေမယ့် UNODC ရဲ့ ၂၀၁၅ ခုနှစ် အစီရင်ခံစာအရ ပထမနေရာမှာ ရှိနေတဲ့ အာဖဂန်နစ္စတန်ဟာ ကမ္ဘာ့ထုတ်လုပ်မှုရဲ့ (၇၂.၀၅) ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံကတော့ ကမ္ဘာ့ထုတ်လုပ်မှုရဲ့ (၁၈.၅၃) ရာခိုင်နှုန်းပဲ ရှိပါတယ်။ အဆပေါင်းများစွာ ကွာဟပါတယ်။ ကျွန်မဆိုလိုတာက ကျွန်မတို့နိုင်ငံအနေနဲ့မူးယစ်ဆေးဝါးပြဿနာကို အမှန်တကယ်သာ တရားဥပဒေစိုးမိုးမှုရှိစွာနှင့် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းမယ်ဆိုရင် နိုင်နိုင်နင်းနင်း ဆောင်ရွက်နိုင်တဲ့အခြေအနေမှာ ရှိနေပါသေးတယ်။

မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေး (၅)နှစ် စီမံကိန်းကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ သတ်မှတ်ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။ ဒါပေမဲ့ ဒီ (၅)နှစ် စီမံကိန်းဟာလည်းပဲ အရှေ့မှာ ဆောင်ရွက်ခဲ့တဲ့ (၁၅)နှစ် စီမံကိန်းလိုပဲ မအောင်မြင်နိုင်တဲ့ အခြေအနေတွေ အများကြီး တွေ့နေရပါတယ်။ အခုဆိုရင် ၂၀၁၆ ခုနှစ်ရဲ့ နှစ်ဝက်ကို ကုန်ဆုံးခဲ့ပါပြီ၊ ကျွန်မတို့ ပတ်ဝန်းကျင်မှာ မူးယစ်ဆေးဝါးသုံးစွဲမှု သတင်းတွေ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ကြားနေရပါတယ်။ နောက်ဆက်တွဲ မှုခင်းတွေဟာလည်း လူမှုဘဝလုံခြုံရေး၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ခြိမ်းခြောက်နေတဲ့ အနေအထားမှာ ရှိနေပါတယ်။ ကျွန်မရဲ့ မဲဆန္ဒနယ် သံဖြူဇရပ်မြို့နယ်က ဝယ်ဝက်ရာကျေးရွာမှာဆို ၄-၄-၂၀၁၆ ရက်နေ့က ပြစ်မှုတစ်ခု ဖြစ်ပွားခဲ့ပါတယ်။ ဒါက မူးယစ်ဆေးဝါးသုံးစွဲနေသူဟာ တစ်နေ့တည်းမှာပဲ လူ(၆)ယောက်ကို ဓားနဲ့ တစ်ပြိုင်နက်တည်း ခုတ်သတ်ခဲ့ပြီးတော့ (၅)ဦးကို ဒဏ်ရာ ရရှိစေခဲ့ပါတယ်။ သူ့ကိုလည်း တပ်ဖွဲ့ကနေ ပစ်သတ်ပြီးတော့ ဖမ်းဆီးခဲ့ရတဲ့ အနေအထားကို ရှိခဲ့ပါတယ်။ မူးယစ်ဗဟိုက နေပြီးတော့ တပ်ဖွဲ့ခွဲ (၃)ခွဲ၊ တပ်ဖွဲ့စု(၅)စုတို့မှာ စုစုပေါင်းအင်အား(၁၀၇၅)ဦးနှင့် တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်နေတယ်လို့ သိရှိခဲ့ရပါတယ်။ ဒါဟာ တစ်နိုင်ငံလုံးမှာ ပျံ့နှံ့ဖြစ်ပွားနေတဲ့ အခြေအနေကို ထိန်းသိမ်းနိုင်စွမ်းရှိတဲ့ လုံလောက်တဲ့ အင်အားတစ်ရပ်တော့ မဟုတ်ပါဘူး။

ကျွန်မတို့ မွန်ပြည်နယ်(၁၀)မြို့နယ်မှာဆိုရင် မော်လမြိုင်နဲ့ ရေးမြို့နယ်မှာပဲ မူးယစ်တပ်ဖွဲ့ ရှိပါတယ်။ ကျွန်မတို့ သံဖြူဇရပ်မြို့နယ်မှာဆို မရှိပါဘူး။ ပြီးခဲ့တဲ့ ဇွန်လ ၃၀ ရက်နေ့က မူးယစ်ဗဟို အဖွဲ့ဆီကို ကျွန်မသွားရောက်ခဲ့ပါတယ်။ အဲဒီအဖွဲ့ရဲ့ တားဆီးနှိမ်နင်းရေးနှင့် စီမံကိန်းဌာနက တာဝန်ရှိသူတွေနဲ့သွားရောက်တွေ့ဆုံဆွေးနွေးခဲ့တာပါ။ သိရှိခဲ့ရတာကတော့ အင်အားမလုံလောက်မှု၊ သယ်ဆောင်

ရာ လမ်းကြောင်းနဲ့ စစ်ဆေးရေးဂိတ်တွေမှာ ရှာဖွေစစ်ဆေးမှုပြုမယ်ဆိုရင်လည်း လူနဲ့သာ အဓိကထား ရှာဖွေနေရပြီးတော့ ခေတ်မီစွမ်းရည်မြင့် ရှာဖွေရေးစက်ကိရိယာတွေ အသုံးမပြုနိုင်ဘူးဆိုတဲ့ အခက်အခဲတွေကို ကျွန်မကြားသိခဲ့ရပါတယ်။ မူးယစ်ဗဟိုရဲ့ (၅)နှစ်စီမံကိန်းမှာ ရပ်ရွာအခြေပြု စောင့်ကြည့်ရေးအဖွဲ့များ၊ ဖွဲ့စည်းပြီး မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲနေမှုများကို စနစ်တကျ စဥ်ဆက်မပြတ် စောင့်ကြည့်စေခြင်းများကို ဆောင်ရွက်မယ်လို့ သိရှိရပါတယ်။ ဒါပေမဲ့ မူးယစ်ဗဟိုရဲ့ အောက်မှာရှိတဲ့ မြို့နယ်အဆင့်၊ ရပ်/ကျေးအဆင့်တွေဟာ ယခုအချိန်အထိ သက်ဝင်လှုပ်ရှားလာတာကို မတွေ့ရသေးပါဘူး။ ရပ်/ကျေးအဆင့်အဖွဲ့မှာဆိုရင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌ၊ ရပ်မိရပ်ဖနှစ်ဦးက အဖွဲ့ဝင်၊ နယ်ထိန်းအရာရှိက အတွင်းရေးမှူးဆိုပြီးတော့ ဖွဲ့စည်းပုံရှိပါတယ်။ ဒီအဖွဲ့က ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်တွေလည်း (၅)ခုရှိပါတယ်။ ဒါပေမဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေအနေနဲ့ ဒီလုပ်ငန်းတာဝန်တွေကို မသိပါဘူး။

ကျွန်မကိုယ်တိုင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကို မေးမြန်းခဲ့တာ ဖြစ်ပါတယ်။ လူထုကြားမှာ စိမ့်ဝင်ပြန့်နှံ့နေတဲ့ မူးယစ်ဆေးဝါး ပြဿနာကို ဖြေရှင်းရာမှာ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုဟာ အရေးကြီးပါတယ်။ ပြည်သူတွေအနေနဲ့ ဘယ်အခန်းကဏ္ဍကနေ ဘယ်အတိုင်းအတာအထိ ပါဝင်လို့ရသလဲ ဆိုတာကို သိဖို့လိုပါတယ်။ ရပ်/ကျေးအဆင့်အထိ အသိပညာပေး အစီအစဥ်တွေ ထိထိရောက်ရောက် လုပ်ပေးဖို့လိုပါတယ်။ မူးယစ်ဗဟိုတာဝန်ရှိသူတွေရဲ့ ပြောပြချက်အရတော့ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများအတွက် သီးခြားဘတ်ဂျက် ခွဲဝေချထားမှု မရှိပါဘူး။ NGO/INGO များရဲ့ အကူအညီနဲ့ ပညာပေးဟောပြောပွဲအစီအစဥ်တွေ လုပ်နေတယ်ဆိုတာကို သိရှိရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းအနေနဲ့ဆိုရင် လူမှုဝန်ထမ်းဦးစီးဌာနအောက်မှာ (၉)ခု၊ မူးယစ်ဗဟိုမှ တိုက်ရိုက်ကြီးကြပ်တဲ့ လူငယ်ပြုစုပျိုးထောင်ရေးဌာန(၃)ခု ရှိတယ်လို့ သိရှိရပါတယ်။ ဒါပေမဲ့လည်း အဲဒီလူငယ်ပြုစုရေးဌာန(၃)ခုအနက်မှာ (၂)ခုကိုတော့ လုံခြုံရေးအရ ပိတ်သိမ်းထားရတယ်လို့လည်း သိရှိရပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံဟာ မူးယစ်ဆေးဝါးသုံးစွဲတဲ့သူတွေဟာ တစ်စတစ်စများပြားလာပေမဲ့ ဆေးဖြတ်စခန်းတွေ၊ ပြန်လည်ထူထောင်ရေးစခန်းတွေ၊ တိုးတက်လာတာကို မတွေ့ရပါဘူး။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်၊ နိဂုံးချုပ်အနေနှင့် တင်ပြဆွေးနွေးလိုတာကတော့ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းထိန်းချုပ်ဖို့အတွက် မူလအရင်းအမြစ်ကို ရှာဖွေဖော်ထုတ်နိုင်ဖို့ဟာ အဓိကကျပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးရမှု ဖြစ်စဥ်များမှာ အချို့ဟာ ပိုင်ရှင်မဲ့ဖြစ်နေခြင်း၊ တချို့မှာတော့ သုံးစွဲသူကိုသာ မိပြီးတော့ ရောင်းချသူကိုတော့ မဖမ်းဆီးနိုင်ခြင်း၊ တချို့ကတော့ ဒီရှာဖွေမယ့် သတင်းကို ကြိုတင်သိရှိနေတဲ့အလား ကျူးလွန်သူတွေဟာ ရှောင်တိမ်းနေနိုင်ခြင်း စတဲ့ကိစ္စရပ်တွေဟာ ကျွန်မတို့ ပြည်သူတွေအကြားမှာ သက်ဆိုင်ရာတာဝန်ရှိသူတွေအပေါ် သံသယနဲ့အထင်အမြင် လွဲမှားမှုကို ဖြစ်ပေါ်စေပြီးတော့ တရားဥပဒေ စိုးမိုးမှုအပေါ်မှာ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။

ဒါကြောင့် ကျွန်မအနေနဲ့ ဦးစိုင်းဝမ်းလှိုင်းခမ်းအဆိုမှာ တင်ပြထားတဲ့အချက်တွေဟာ ရှမ်းပြည်နယ်မြောက်ပိုင်း တစ်ခွင်သာမက မြန်မာနိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဆောင်ရွက်ရမယ့် လိုအပ်ချက်များ ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး စီမံကိန်းများ အောင်မြင်ရန်အတွက် တရားဥပဒေစိုးမိုးမှုကို ဆောင်ရွက်ရမယ့်အပြင် နိုင်ငံတော်

ကာကွယ်ရေးအမြင်ဖြင့် ထိုက်သင့်တဲ့ ဘတ်ဂျက် ခွဲဝေချထားရန်အတွက်ပါ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဖြစ်ပါတယ်။ အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၁။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စာလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုကို မူးယစ်ဆေးနဲ့ ပတ်သက်တဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ မူးယစ်ဆေးနဲ့ ပတ်သက်လာရင် တစ်ကမ္ဘာလုံး၊ တစ်နိုင်ငံလုံး နေရာအနှံ့ဖြစ်ပေါ်နေတာကို အားလုံးသိရှိပြီးသား ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ကတော့ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ ဖြစ်ပေါ်နေတာကိုပဲ ကိုးကားပြီး တော့မှ ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်ရှင်။

ကျွန်မတို့ ဓနုဒေသဟာ သမိုင်းအစကတည်းက အဖြူရောင်နယ်မြေဖြစ်ပြီး ဓနုတိုင်းရင်းသားအများဆုံးနေထိုင်ရာ အေးချမ်းတဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ဒီလိုအေးချမ်းစွာနေထိုင်ပြီး ရိုးသားစွာလုပ်ကိုင်စားသောက်လာခဲ့တဲ့ ကျွန်မတို့ဓနုဒေသဟာ အခုလက်ရှိအချိန်မှာတော့ တရားမဝင်တဲ့ မူးယစ်ဆေးရောင်းဝယ်နေမှုတို့ကြောင့် များပြားလာခဲ့ပြီး အကျင့်စာရိတ္တ ပျက်ပြားလာကာ ရတက်မအေးဖွယ်ရာတွေနဲ့ ကြုံတွေ့နေရပါပြီ။ မူးယစ်ဆေးကို ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းမှာ အတင့်ရဲစွာ ရောင်းဝယ်နေကြပါတယ်။ အချို့သော စားဆိုင်၊ သောက်ဆိုင်တွေမှာ ရောင်းချနေသလို ဖုန်းနဲ့ ချိတ်ဆက်၍သော်လည်းကောင်း၊ နေရာချိန်း၍ သော်လည်းကောင်း ရောင်းဝယ်နေကြပါတယ်။ မိမိတို့၏ နေအိမ်တွင်ပင် အတင့်ရဲစွာရောင်းဝယ် နေကြရတာကိုလည်း တွေ့မြင်ရပါတယ်။ ပြည်သူတွေက သတင်းပေးလို့ သွားဖမ်းရင် လက်ဝယ်တွေ့ရှိခြင်းများ မရှိခဲ့ပါဘူး။ သတင်းပေးတဲ့သူကပင် အပြစ် ဖြစ်နေရပါတယ်။ ဒီလိုနဲ့ပဲ ပြည်သူတွေက အသိ၊ သတိနဲ့ ကြည့်နေရပါတယ်။ အမှန်တကယ် ရောင်းဝယ်နေပါလျက်နဲ့ လက်ဝယ်မတွေ့ရှိရတာဟာ ဘယ်လိုအကြောင်းကြောင့်ဆိုတဲ့ အကြောင်းအရင်းကို အဖြေရှာဖို့လိုပါတယ်ရှင်။ ရပ်ကွက်အတွင်း၊ ကျေးရွာအတွင်းရှိ အုပ်ချုပ်ရေးမှူးတွေဟာ အနီးကပ်ဆုံး စောင့်ကြည့်သိရှိနိုင်သူတွေ ဖြစ်တဲ့အတွက် တာဝန်ရှိသူတွေနဲ့ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မိမိရရဖမ်းဆီးကာ ထိထိရောက်ရောက် အရေးယူသင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ကျွန်မတို့ ဓနုဒေသမှာရှိတဲ့ အနာဂတ်အတွက်အားထားစရာ လူငယ်၊ လူရွယ်အတော်များများဟာ မူးယစ်ဆေးရဲ့ သားကောင်တွေ ဖြစ်နေရပါပြီ။ လူငယ်တို့၏ ဘာသာဘာဝ လက်တွေ့စမ်းချင်တဲ့စိတ်၊ စူးစမ်းချင်တဲ့စိတ်တွေနဲ့ လမ်းမှားကို ရောက်နေကြရတာပါ။ လူသူအရောက်နည်းတဲ့ နေရာများမှာ ခြုံ၊ တဲ

များမှာ ဆေးသုံးစွဲခြင်း၊ အုပ်စုဖွဲ့၍ မည်သူမျှမရှိသည့် နေအိမ်များတွင် တိတ်တဆိတ်သုံးစွဲကြခြင်းများ ပြုလုပ်နေကြပါတယ်။ မိဘများမှာ ပညာသင်ပေးရမည့် တာဝန်ထက် ဆေးသမားမဖြစ်ရေးတာဝန်ကို ဦးစားပေး ထမ်းဆောင်နေရသလို ဖြစ်နေရပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် မိသားစုရေးပြဿနာ၊ အိမ်ထောင်ရေးပြဿနာ၊ လူမှုရေး ပြဿနာများလည်း ဒုနဲ့ဒေး ကြုံတွေ့နေရပါတယ်။ ဆေးသုံးစွဲမှုကြောင့် အသိစိတ်များလွတ်ပြီး မိဘဆီမှ အတင်းအဓမ္မ ငွေတောင်းယူခြင်း၊ မိဘကိုပင် ရန်လိုရန်ပြုခြင်းများ ပြုလုပ်လာကာ အိမ်တွင်းသူခိုး၊ အိမ်တွင်းဓားပြများ ဖြစ်နေရပါတယ်။ နောက်ဆုံးကြုံရာမရရင် မိမိကိုယ်ကိုယ်မိမိ သေကြောင်းကြံစည်မှုတွေပါ ဖြစ်ပေါ်လာခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံး နေရာအနှံ့အပြားမှာ လူငယ်လူရွယ်အများဆုံး ပါဝင်နေတဲ့ မူးယစ်ဆေးသုံးစွဲနေတဲ့လူတွေကို ဖမ်းဆီးအရေးယူနေမည့်အစား ပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပြီး ကုသရေးစခန်းများတွင် ကုသမှုခံယူစေလိုပါတယ်။ ကုသရေးစခန်းမရှိသည့်နေရာများတွင် သက်ဆိုင်ရာ မြို့နယ်ဆေးရုံများတွင်ပင် ကုသနိုင်ရန်စီစဉ်ပေးသင့်ပါတယ်။ သက်ဆိုင်ရာ ဆေးရုံရှိ ဆရာဝန်များကို သင်တန်းများပေးကာ ကုသခွင့်လက်မှတ်များ တရားဝင်ထုတ်ပေးပြီး လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့ပေးသင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ဆေးဝါးကုသမှု ခံယူပြီးတဲ့လူတွေကို လေလွင့်မှု မရှိရလေအောင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးကာ ပြန်လည်ပြုစုပျိုးထောင် ကယ်တင်ပေးစေလိုပါကြောင်း ဆွေးနွေးရင်း ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့အဆိုကို အပြည့်အဝ ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆွေးနွေးခြင်း အစီအစဉ် ပြန်လည်စတင်ပါမယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။ ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှင်။ မူးယစ်ဆေးဝါးဟာကမ္ဘာ့လူသားများရဲ့ ကျန်းမာရေးနဲ့လူမှုဘဝလုံခြုံရေးကိုပါ ထိခိုက်စေတဲ့ အပြင် မူးယစ်ဆေးဝါးနဲ့ဆက်စပ်နေတဲ့ နောက်ဆက်တွဲရာဇဝတ်မှုခင်းများပါ ဖြစ်ပွားစေတဲ့အတွက် အန္တရာယ်အလွန်ကြီးမားတယ် ဆိုတာကိုတော့ ကိုယ်စားလှယ်အားလုံး ပြောစရာမလိုလောက်အောင် ကို နားလည်ပြီးသား ဖြစ်ပါတယ်။ ပထမအကြိမ် လွှတ်တော်သက်တမ်းတုန်းကလည်း မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ပြီး ဖြစ်ပေမယ့်လည်း မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေက လျော့ကျမသွားဘဲ အခုလွှတ်တော်မှာလည်း မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး ဆက်လက်ဆွေးနွေးနေရ ဆဲနဲ့ ဆွေးနွေးမယ့် ဦးရေစာရင်းကိုကြည့်လိုက်ရင် မူးယစ်ဆေးဝါးရဲ့အန္တရာယ် ဘယ်လောက်ကြီးထွား နေပြီလဲ ဆိုတာကို သိရှိနိုင်ပါတယ်ရှင်။ အဆိုရှင်အနေနဲ့က မူးယစ်ဆေးဝါး ရောင်းဝယ်တာတွေကို ဖမ်းဆီးအရေးယူပေးဖို့၊ အုပ်စုလိုက်မူးယစ်ဆေးဝါးသုံးစွဲနေတာကို ရှင်းလင်းဖယ်ရှားပေးဖို့၊ မူးယစ် ဆေးဝါးအန္တရာယ်ပညာပေးမှုလုပ်ဖို့၊ လိုအပ်တဲ့နေရာမှာ ထူထောင်ရေးစခန်း ဖွင့်လှစ်ပေးဖို့ဆိုပြီး ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။ အဆိုရှင်ဆွေးနွေးတာကိုကြည့်ရင် တားဆီးနှိမ်နင်းရေး အပိုင်း၊ ပြန်လည်ထူထောင်ရေးအပိုင်းနဲ့ အသိပညာပေးရေးအပိုင်းဆိုပြီး အပိုင်း(၃)ပိုင်း ပါဝင်တာကို တွေ့ရပါတယ်။ တားဆီးနှိမ်နင်းတဲ့ အပိုင်းမှာတော့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသခံ ပြည်သူများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ဘိန်းချက်စခန်းတွေ ရှာဖွေဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်တဲ့ လမ်းတစ်လျှောက် ပိတ်ဆို့ရှာဖွေတာ၊ ထောင်ချောက်ဆင်ဖမ်းတာ၊ မူးယစ်ဆေးဝါး လှုပ်ရှားမှုသတင်းအမြဲရယူတာ၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုပစ္စည်းဆိုတာ ကိုယ့်နိုင်ငံမှာထွက်ရှိတာ မဟုတ်တဲ့အတွက် အိမ်နီးချင်းနိုင်ငံကနေ ဝင်ရောက်လာ တာဖြစ်တဲ့ နယ်စပ်တွေမှာလည်း ပိတ်ဆို့တားဆီး ဖမ်းဆီးခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက် ရှိနေတယ်လို့လည်း သိရပါတယ်။

နောက်တစ်ပိုင်းက ကုသရေးနဲ့ ပြန်လည်ထူထောင်ရေး အပိုင်းမှာလည်း မူးယစ်ဆေးဝါး ရောဂါကာကွယ်ရေး လုပ်ငန်းတွေ၊ ဆေးစွဲသူလူငယ် ပြုစုပျိုးထောင်ရေးနဲ့ ပြန်လည်ထူထောင်ရေး

စခန်းဖွင့်လှစ်တာတွေ၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ကျရေး၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လုပ်ငန်းတွေ၊ ထူထောင်ရေးစခန်းတွေမှာတော့ သင်တန်းသားတွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည် ထူထောင်ရေးနဲ့ နောက်ဆက်တွဲ ပြုစုစောင့်ရှောက်မှုတွေကို ဆောင်ရွက်နေတာကိုလည်း သိရပါတယ်။ တတိယပိုင်းကတော့ အရေးကြီးဆုံးနဲ့ ကနဦး လုပ်ကိုင်ဆောင်ရွက်ရမယ့် ကျယ်ကျယ်ပြန့်ပြန့်နဲ့ မူးယစ် ဆေးဝါးရဲ့ဆိုးကျိုး ပြစ်မှု၊ ပြစ်ဒဏ်တွေကို အသိပညာပေးရမယ့် လုပ်ငန်းအပိုင်းဖြစ်ပြီးတော့ ဆက်စပ် ဝန်ကြီးဌာနတွေနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်တဲ့ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းအနေနဲ့ကလည်း တက်ကြွစွာပါဝင်ဆောင်ရွက်နေတယ်လို့သိရပါတယ်။ ယခုလို မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအတွက် ဆောင်ရွက်နေပေမယ့် လက်ရှိအခြေအနေမှာ မြို့တိုင်း၊ နယ်တိုင်း၊ အချိန်တိုင်း၊ နေရာတိုင်းမှာ လွယ်လွယ်ကူကူနဲ့ ဝယ်လို့ရတဲ့ အနေအထားကို ရောက်နေပါတယ်။ လူငယ်ထုအတွင်းကိုလည်း ထဲထဲဝင်ဝင် တွင်တွင်ကျယ်ကျယ်ထိုးဖောက် ဝင်ရောက်နေပြီလည်း ဖြစ်ပါ တယ်။ ကျွန်မတို့ကရင်ပြည်နယ်မှာဆိုလည်း ဘိန်းမစိုက်ပါဘူးရှင်။ ဒါပေမဲ့ မူးယစ်ဆေးဝါးတွေကို ကျေးရွာများအထိ ဝယ်ယူလို့ရတဲ့ အနေအထား ဖြစ်ပါတယ်။

အဆိုရှင် ဆွေးနွေးသလို မူးယစ်ဆေးဝါးတွေကို ပွဲလမ်းသဘင်ကိစ္စတွေမှာ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေသူက အမှတ်မှားပြီး သုံးစွဲနေတာလည်း နေရာအနှံ့ အခုချိန်ထိ ရှိတာကို တွေ့ရှိရပါ တယ်ရှင်။ လူအချို့ရဲ့ တစ်ယောက်ကောင်း၊ တစ်ကိုယ်ကောင်းဆန်တဲ့ အတွေးအခေါ်ရှိတဲ့သူတွေ၊ ကိုယ် ချမ်းသာရင်ပြီးရော သူတစ်ပါးသေချင်သေပါစေဆိုတဲ့ လူမျိုးတွေများစွာရှိနေတာရယ်၊ ကိုယ့်ရဲ့ တိုင်းပြည်မှာလည်း ကံအား၊ ဉာဏ်အား၊ ဝီရိယအား နည်းတဲ့သူတွေများနေတာရယ်ကြောင့် ဒီမူးယစ် ဆေးဝါးအန္တရာယ်ကြီးဟာ တစ်စတစ်စ ကြီးထွားလာနေတာ ဖြစ်ပါတယ်။ ကျွန်မတို့ ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ကြီးပွားတိုးတက်ကြောင်း အကြောင်းတရား (၇)ပါးမှာ ဓမ္မဇီဝီဆိုတာ တစ်ပါးပါ ပါတယ်။ အဓိပ္ပာယ်ကတော့ ဓမ္မနဲ့ ညီညွတ်တဲ့အသက်မွေးဝမ်းကျောင်း ပြုရမယ်လို့ဆိုတာပါ။ အဓမ္မဇီဝီကတော့ ဓမ္မနဲ့မညီညွတ်တဲ့ အသက်မွေးဝမ်းမှု မပြုလုပ်ကြဖို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒါတွေ ဟာတော့ အဆိပ်နဲ့ အရောင်းအဝယ်လုပ်ပြီး စီးပွားမရှာကျဖို့၊ လက်နက်နဲ့ အရောင်းအဝယ်လုပ်ပြီး စီးပွားမရှာကြဖို့၊ မူးယစ်ဆေးဝါးနဲ့ အရောင်းအဝယ်လုပ်ပြီး စီးပွားမရှာကြဖို့၊ သတ္တဝါတွေကို နှိပ်စက် ညှဉ်းဆဲပြီး စီးပွားမရှာကြဖို့နဲ့ လူကုန်ကူးခြင်းနဲ့ စီးပွားမရှာကြဖို့ဆိုပြီး လွန်ခဲ့တဲ့နှစ်ပေါင်း(၂၆၀၀)ခန့်က ဟောကြားခဲ့ပြီးလည်း ဖြစ်ပါတယ်ရှင်။

အားလုံးကိုပြန်ပြီး သုံးသပ်အကြံပြုရမယ်ဆိုရင် မူးယစ်ဆေးဝါး ပြဿနာကို ကိုင်တွယ် ဖြေရှင်းတဲ့နေရာမှာ ဖမ်းဆီးအရေးယူကုသခြင်းထက် အသိပညာပေးကို ကနဦးအဆင့် ကျယ်ပြန့်စွာ ဦးစားပေးနယ်မြေများ သတ်မှတ်ပြီးတော့ နိုင်ငံတော်အဆင့် စီမံချက်ဖြင့် ဆောင်ရွက်စေသင့်ပါတယ်။ နောက်ပြီး ကုသရေးစခန်းတွေကိုအဆိုရှင်အနေနဲ့က လိုအပ်တဲ့နေရာမှာ ဖွင့်လှစ်ဖို့ ဆိုတာထက် တိုင်း ဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာဖွင့်လှစ်ပေးဖို့ ကျွန်မအနေနဲ့ ဖြည့်စွက်ဆွေးနွေး အကြံပြုလိုပါတယ် ရှင်။ နောက်တစ်ချက်ကတော့ မူးယစ်ဆေးဝါးပပျောက်ရေးမှာ ပါဝင်ဆောင်ရွက်နေတဲ့ ဝန်ကြီးဌာန အချို့ဟာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့၊ ဝန်ကြီးဌာန ရဲ့ ဘဏ္ဍာငွေထဲက ဖဲ့ယူရတာမျိုးမဟုတ်ဘဲ မွန်ပြည်နယ်က ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားသလို သီးခြားရန်ပုံငွေတစ်ရပ် ချမှတ်ထူထောင်ခွင့်ရရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကဏ္ဍစုံ၊ ထောင့်စုံ၊

ဆက်စပ်အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ပြီး အမြစ်ပြတ်ချေမှုန်းနိုင်ဖို့နဲ့ လွှမ်းခြုံကွပ်ကဲနိုင်ဖို့ အတွက်ဆိုရင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဗဟိုအဖွဲ့မှာ ဒုတိယသမ္မတ အဆင့်ရှိတဲ့ ပုဂ္ဂိုလ် တစ်ဦးဦးက တာဝန်ခံဆောင်ရွက်စေသင့်ပါကြောင်း အကြံပြုသုံးသပ်အပ်ပါတယ်ရှင်။

နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဒေသခံပြည်သူများ၊ မိဘများ၊ NGO များ၊ INGOများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး အပြောချည်း မဟုတ်ဘဲ လက်တွေ့ကျကျ ပူးပေါင်းပါဝင်ပြီး မူးယစ်ဆေးဝါး အန္တရာယ်ကို အမြစ်ပြတ် သုတ်သင်ရှင်း လင်းသွားနိုင်ဖို့ အကြံပြုထောက်ခံဆွေးနွေး တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၂၅။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် များ ဝိုင်းဝန်းဆွေးနွေးနေကြတဲ့ ဦးစိုင်းဝမ်းလှိုင်းခမ်းရဲ့ အဆိုဟာ ကျွန်တော်တို့ နိုင်ငံတစ်ဝန်းလုံးနဲ့ သက်ဆိုင်နေတဲ့အဆိုဖြစ်နေပါတယ်။ အားတက်သရောဝိုင်းဝန်းဆွေးနွေးကြတဲ့ ကိုယ်စားလှယ်ဦးရေနဲ့ ဆွေးနွေးချက်တွေကို ကြည့်ခြင်းအားဖြင့် ဒီအဆိုဟာ နိုင်ငံတော်အစိုးရအနေဖြင့် အထူးအလေးအနက် ဆောင်ရွက်ရမယ့် အဆိုကောင်းတစ်ခု ဖြစ်နေပါတယ်။ ကျွန်တော့် အနေနဲ့လည်း ကျွန်တော့်ရဲ့ မဲဆန္ဒ နယ်၏ လိုအပ်ချက်ရှုထောင့်ကနေပါဝင်ပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အနေနဲ့ ၂၀၀၂ ခုနှစ်မှစ၍ မူးယစ်ဆေးဝါး ဘိန်းကင်းစင်နယ်မြေအဖြစ် ကမ္ဘာသိအောင် ကြေညာ ခဲ့သော ဒေသဖြစ်ပါတယ်။ သို့သော်လည်း ယခုအချိန်မှာ မူးယစ်ဆေးဝါးသုံးစွဲသူ ပိုမိုများပြားလာသည် ကိုလည်း သိရှိရပါတယ်။ မူးယစ်ဆေးဝါး သုံးစွဲသူများပို၍ များလာသည့်အတွက် လူ့စွမ်းအား အရင်း အမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ လူ့အသက်များရှင်သန်ကယ်တင်နိုင်ရန်အတွက် မူးယစ်ဆေးဝါး သုံးစွဲ ကုသရေးစခန်းနဲ့ ပြန်လည်ထူထောင်ရေးစခန်းရရှိရေးနဲ့ စပ်လျဉ်းသည့် မေးခွန်းကို ပထမအကြိမ် (၁၃)ကြိမ်မြောက် ပြည်သူ့လွှတ်တော်မှာ ပုံမှန်အစည်းအဝေးတွင် ကျွန်တော် ကြယ်ပွင့်ပြမေးခွန်း အဖြစ် မေးမြန်းခဲ့ပါတယ်။ ပြည်ထောင်အစိုးရအဖွဲ့ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက နယ်မြေလုံခြုံမှု မရှိသေးသောကြောင့် လတ်တလောတွင် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်တန့်ခဲ့ရပါ တယ်။ ဒါ့ကြောင့် ယခုအချိန်တွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များ၏ဦးဆောင်မှုကြောင့် တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လောက်ကိုင်မြို့နယ်တွင် မူးယစ်ဆေးဝါးဆေးကုသစခန်းနဲ့ ပြန်လည်ထူထောင်ရေးစခန်း၊

ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ အကျဉ်းထောင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး စသည့်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ပေး သင့်ပါကြောင်း အကြံပြုဆွေးနွေး တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်တို့ရဲ့ မူးယစ်ဆေးဝါးကုသမယ့်စခန်းက အထူး(၁)က ကျွန်တော်တို့ရဲ့ အကျဉ်းထောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ပြင်ဆင်ပြီးသား ဖြစ်နေပါပြီ။ ကျွန်တော်တို့ကို နိုင်ငံတော်အစိုးရအနေနဲ့ ဖွင့်ခွင့်ပေးမယ်ဆိုရင် ကျွန်တော်တို့ Ready ဖြစ်နေပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ အိပ်ဆောင်တွေပါ။ ပြုပြင်ထိန်းသိမ်းရေးစခန်း ထမင်းချက်ဆောင်ပါ။ ကျွန်တော်တို့ ပြုပြင်ထိန်းသိမ်းရေးစခန်း အားကစားကွင်းပါ။ ကျွန်တော်တို့ရဲ့ အရင် ကျွန်တော်တို့ မျှော်စင်ကြီးပါ။ ကျွန်တော်တို့ စောင့်ကြည့်မျှော်စင်ပါ။ ကျွန်တော်တို့ရဲ့ အုပ်ချုပ်မှုစခန်းပါ။ အခု ပြန်လည် ကျွန်တော်တို့ အသစ်ပြန်လည်မွမ်းမံပြီးမှ ပြန်လည်ဆောက်လုပ်ထားပါတယ်။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ၊ ဆေးကုသရေးစခန်းနဲ့ ပြန်လည်ထူထောင်ရေးစခန်းအတွက် လိုအပ်သောအဆောက်အအုံများ၊ တည်ဆောက်ပြီးစီးမှုကိုလည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ ကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ အနေနဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးအဖွဲ့အစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြရင်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့ အဆိုကို ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

ပြုပြင်ထိန်းသိမ်းရေးစခန်း အားကစားကွင်းပုံ (၈)



ပြုပြင်ထိန်းသိမ်းရေးစခန်း အုပ်ချုပ်ရေးမှူးရုံးခန်းပုံ (၈-၁)



ပြုပြင်ထိန်းသိမ်းရေးစခန်း အုပ်ချုပ်ရေးမှူးရုံးခန်းပုံ (၈-၂)




**အချိန်၊ ၁၁:၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၃၀။**

**ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ

အားလုံးကို မင်္ဂလာပါဆိုပြီးတော့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဥက္ကာမင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးစိုင်းဝမ်းလှိုင်းခမ်း တင်ပြသွားတဲ့ အဆိုမှာ အပိုင်း(၃)ပိုင်း တွေ့ရှိရပါတယ်။ အဲဒါတွေကတော (၁) ရှမ်းပြည်နယ်မြောက်ပိုင်း တစ်ခွင် ရပ်ကွက်ကျေးရွာ ခပ်များများတွင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုများ၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများသုံးစွဲသည့် ချောင်ကျသော နေရာများအားအမြစ် ပြတ်ရှင်းလင်းဖယ်ရှားရေး၊ (၂) မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများကို ရပ်ကွက်၊ ကျေးရွာမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ (၃) မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည် ပြုစုကုသပျိုးထောင်ပေးသည့်စခန်းများ၊ လိုအပ်သည့် နေရာများတွင် ဖွင့်လှစ်ပေးရေးတို့ပဲ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အပိုင်း(၁)ကို စပြီးတော့ ဆွေးနွေးရမယ်ဆိုလို့ရှိရင် မူးယစ်ဆေးဝါးအန္တရာယ် ဟာ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင်တွင်သာ ဖြစ်နေတာမဟုတ်ဘဲ မြန်မာတစ်နိုင်ငံလုံးကချင်ပြည်နယ်ကနေစပြီးတော့ တောင်ဘက်စွန်းတနင်္သာရီတိုင်းအဆုံး တောရောမြို့ပါမကျန် ကျရောက်နေတဲ့ မဟာအန္တရာယ်ကြီးပဲ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အစိုးရသစ်ရဲ့ စိန်ခေါ်မှုလို့ပြောလို့ရသလို တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ ဘုံပြဿနာလည်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ပပျောက်အောင် တားဆီးကာကွယ် နှိမ်နင်းဆောင်ရွက်ခြင်းဟာလည်း အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုများဆိုင်ရာ ကုလသမဂ္ဂရုံးရဲ့ ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာအရ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေဟာ အရှေ့တောင်အာရှမှာ ပထမနေရာရှိပြီးတော့ ကမ္ဘာပေါ်မှာ ဒုတိယအများဆုံး ဖြစ်တယ်ဆိုပြီးတော့ ကျွန်တော်တို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မြန်မာဘောလုံးအသင်းမှာ သီချင်းရှိပါတယ်။ ကမ္ဘာကိုအာရှမှာ မြန်မာကသာ အနိုင်ယူဗိုလ်ဆွဲရမည်ဆိုတဲ့ နေရာမှာ အားကစားမဟုတ်ဘဲ မူးယစ်ဆေးဝါး ဖြစ်နေတာကို ကျွန်တော် တွေ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဒီ မူးယစ်ဆေးဝါးအကြောင်းကို ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ တနင်္သာရီတိုင်းကို အခြေခံပြီးတော့ တင်ပြပါရစေ။

တနင်္သာရီတိုင်းမှာ အပေါ်များဆုံးကတော့ ရာမ (ခ) စိတ်ကြွရူးသွပ် ဆေးပြားများပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသက ခေါ်တာတော့ မြင်းဆေးလို့ခေါ်ပါတယ်။ စိတ်ကြွရူးသွပ် ဆေးဝါးသုံးစွဲတဲ့သူတွေကို ဒေသခံတွေက မြင်းရှူတယ်ဆိုပြီးတော့ ကျွန်တော်တို့ သုံးနှုန်းကြပါတယ်။ တနင်္သာရီတိုင်းမှာ ကျွန်တော်တို့ဟာ ရေလုပ်ငန်းကို အဓိကအသက်မွေးရတာ ဖြစ်တဲ့အတွက် ရေလုပ်သားတွေအများစုသည် ကျွန်တော်တို့ မြင်းဆေး (ခ) WY (ခ) ကျွန်တော်တို့ စိတ်ကြွရူးသွပ်ဆေးပြားများကို အများဆုံးသုံးစွဲနေကြပါတယ်။ ပြီးတော့ လူကြီးတွေတင်သာမကဘဲနဲ့ လူငယ်ထုတွေပါ၊ နောက်တစ်ခုက ကျောင်းသား၊ အခြေခံပညာ ကျောင်းသားတွေရော၊ အမျိုးသမီး၊ ကလေးသူငယ်တွေပါ သုံးစွဲနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ပြီးတော့ တိုင်းပြည်ရဲ့ လူငယ်ထုထိ ဒီမူးယစ်ဆေးဝါးဟာ ပျံ့နှံ့နေတဲ့အတွက် အရေးတကြီး ကာကွယ်တားဆီးဖို့ လိုအပ်ပါတယ်။ လူငယ်ဟာတိုင်းပြည်ရဲ့ အနာဂတ်လို့ဆိုပါတယ်။ လူငယ်တွေ မူးယစ်ဆေးဝါးသုံးစွဲနေရင်တော့ အနာဂတ်ဟာ မူးယစ်ဆေးဝါးရဲ့ သားကောင်ဘဝကို ရောက်တော့မှာပါ။ အင်မတန်မှကို ရင်လေးစရာကောင်းပါတယ်။ လတ်တလောမှာပဲ ကျွန်တော်တို့ ကြားရတဲ့သတင်းအရ အင်းစိန်က GTC ကျောင်းသားတစ်ယောက်ဟာ မူးယစ်ဆေးဝါး သုံးစွဲပြီးတော့ အိမ်ပြန်တဲ့အချိန်မှာ

အဖေနဲ့အမေကို ဓားနဲ့ထိုးတဲ့ဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့ပါတယ်။ အလားတူ ဖြစ်စဉ်မျိုး ၂၀၁၅ခုနှစ်မှာ ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်၊ မိုင်းကိုးအုပ်စု၊ မလိပါကောကျေးရွာမှာလည်း အဲ့လို ဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့ဖူးပါတယ်။

ဒါဟာ ကျွန်တော်တို့ ဥပမာအနေနဲ့ ပြောရခြင်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲပြီးတော့ ရာဇဝတ်မှု ကျူးလွန်တဲ့ကိစ္စဟာ မြန်မာပြည်အနှံ့အပြားမှာ တော်တော်များများ ဖြစ်နေတဲ့ကိစ္စပါ။ အခု အချိန်မှာ မူးယစ်ဆေးဝါးကျွန်တော်တို့ WY နဲ့ ပတ်သက်ပြီးတော့ ဝယ်ယူရတဲ့ ဈေးနှုန်းက အရင်တုန်း ကဆိုရင် တစ်လုံးကို(၅၀၀၀)ကျပါတယ်။ အခုအချိန်မှာတော့ ကျွန်တော်တို့ဝယ်လိုအား ပိုများလာတဲ့ အတွက် (၂၅၀၀) ဈေးသာ ကျွန်တော်တို့ ကျနေပါတယ်။ ကုန်ဈေးနှုန်းက မကျပေမယ့်လည်း WY ရဲ့ ဈေးနှုန်းကတော့ ကျွန်တော်တို့ ထက်ဝက်ခေါက်ချိုးကျနေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီတော့ ရောင်းဝယ်မှုအနေနဲ့ ပြန်ကြည့်မယ်ဆိုရင်လည်း ဒေသအတွင်းမှာ ကျွန်တော်တို့ဟာ တရားဝင် လိုင်စင်ချ ပေးထားသလားလို့ ထင်ရပါတယ်။ လွယ်လွယ်ကူကူ လက်တစ်ကမ်းအတွင်းမှာ ဝယ်ယူရရှိလို့ နေပါ တယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေကို ဧပြီလတုန်းက လွှတ်တော်ခဏနားတဲ့ အချိန်မှာဆင်းတဲ့ အချိန်မှာ မဲဆန္ဒနယ်မြေက ပြည်သူတွေကရိုးသားပါတယ်။ အဲဒီတော့ ကျွန်တော်တို့ကို ဘာမေးလဲဆိုတော့ ကျွန်တော်တို့ဒေသမှာ စီးပွားဖြစ်လုပ်ငန်းဆိုရင် မူးယစ်ဆေးဝါး ရောင်းဝယ်တာပဲရှိပါတယ်တဲ့။ အဲ့ဒီ အတွက် ကျွန်တော်တို့ကို လိုင်စင်ချပေးပါဆိုပြီးတော့ ကျွန်တော်တို့ဥပဒေကို နားမလည်ဘဲနဲ့ ဒေသခံ တွေက တင်ပြတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်ကလည်း ပြန်လည်ဖြေကြားပါတယ်။ မူးယစ်ဆေးဝါး ရောင်းတယ်ဆိုတာဟာ တရားမဝင်ပါဘူး။ ဖမ်းဆီးလို့ရပါတယ်ဆိုပြီး ကျွန်တော်ပြောပါတယ်။ ဒါပေမယ့် လည်း ဒေသခံတွေက မယုံကြည်ကျပါဘူး။ ဆရာရယ်တဲ့ မနောက်ပါနဲ့တဲ့။ ဟိုမှာ တရားဝင်ရောင်းနေပါ တယ်တဲ့။ တရားဝင်ရောင်းတယ်ဆိုတာ မရှိပါဘူးဆိုတော့ လိုင်းကြေးပေးပြီးတော့ ရောင်းတာပါဆရာရယ် တဲ့။ အဲဒီလိုပြန်ပြီးတော့ ဖြေကြားတာလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ ပြီးတော့ ကျွန်တော်တို့ ဒီ ငယ်စဉ်အခါတုန်းကကျွန်တော်တို့ မိဘဘိုးဘွားတွေ ကျွန်တော်တို့ ကန်တော့ပြီး အိပ်တဲ့အချိန်ကျရင် ကျွန်တော် တို့ကိုဆုပေးပါတယ်။ ဆင်စီးပြီး မြင်းရံကြပါစေဆိုပြီး ဆုပေးကြပါတယ်။ ဆုတောင်းပဲ မှားခဲ့ တာလား၊ ဆုပေးပဲမှားခဲ့တာလားတော့ မသိပါဘူး။ ကျွန်တော်တို့မှာ ဆင်မစီးနိုင်ပေမယ့် မြင်းလို့ခေါ်တဲ့ WY ကတော့ မြန်မာပြည်တစ်ပြည်လုံးမှာတော့ ရံထားတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရအဆက်ဆက် မူးယစ်ဆေးဝါးကို ပပျောက်အောင်နှိမ်နင်းခဲ့တာချည်းပါပဲ။ ဘယ်အစိုးရကမှ မူးယစ်ဆေးဝါးကို ပပျောက်အောင် မဆောင်ရွက်ပါဘူးလို့ မပြောကြပါဘူး။ ပြောရင်းပြောရင်းနဲ့ ကျွန်တော်တို့ ပိုများလာတာကို တွေ့ရ ပါတယ်။ မူးယစ်ဆေးဝါးကာကွယ်တားဆီးနှိမ်နင်းတဲ့နေရာမှာ အခက်အခဲတချို့ကိုလည်း တင်ပြပါရစေ။ တစ်နေရာနဲ့ တစ်နေရာအခက်အခဲ မတူညီနိုင်ပေမယ့် ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ မြိတ်မြို့နယ်၊ ကျွန်းစုမြို့နယ် အခက်အခဲကိုပဲ တင်ပြပါရစေ။ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ဖို့ အဓိက တာဝန်ရှိတဲ့ အဖွဲ့ကတော့ ရဲတပ်ဖွဲ့ပဲဖြစ်ပါတယ်။ လူမှုကွန်ရက်စာမျက်နှာကိုပဲ ကြည့်ကြည့်၊ မီဒီယာ ဂျာနယ်သတင်းမှာ ပဲကြည့်ကြည့် ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးတွေဟာ အသေးစားတွေပဲ ဖြစ်ပါတယ်။ အကြီးစားဖမ်းမိရင်တော့ သေချာပါတယ်။ ပိုင်ရှင်မဲ့ပါပဲ။ ဒါဟာ ပြည်သူတွေတောင် သိနေတဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ရောင်းနေတဲ့သူတွေကို ရဲတပ်ဖွဲ့က မသိပေမယ့်လည်း ပြည်သူတွေက သိနေပါတယ်။

ပြည်သူတွေသတင်းပေးလို့ သွားရောက်ဖမ်းဆီးတဲ့အခါမှာမမိတော့ပါဘူး။ ကြိုတင်သတင်းရလို့ ရှောင်ထွက်သွားပါပြီ။ ဘယ်သူ့ထံကသတင်းရလည်း ဆိုတာကိုတော့ ပြောစရာမလိုအောင် ပြည်သူတွေက သိပြီးသားဖြစ်ပါတယ်။

ရွှေသမင်ဘယ်ကထွက် မင်းကြီးတာကထွက် ဆိုသလိုပဲ။ အကျင့်ပျက်ဝန်ထမ်းများကို သေသေချာချာစစ်ထုတ် အရေးယူပေးဖို့ လိုအပ်နေပါပြီ။ အနေကြာ ဝန်ထမ်းတချို့လည်း ပါဝင်ပတ်သက်နေတဲ့အတွက် ဘယ်လိုဆောင်ရွက်ရမလဲ ဆိုတာကို အစိုးရအနေနဲ့ အရေးတကြီး စဉ်းစားသင့်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ကျွန်းစုမြို့ဟာ ကျေးရွာပေါင်း (၁၆၈)ရွာရှိပါတယ်။ ကျွန်းစုမြို့နယ်ရဲ့ ရဲတပ်ဖွဲ့အင်အားဟာ (၉၁)ဦးသာ ရှိပါတယ်။ ရဲအချိုးပြည်သူဟာ တစ်အချိုး (၁၈၈၃)ဦးပဲဖြစ်ပါတယ်။ ဒေသအတွင်း မူးယစ်ဆေးဝါးဒုစရိုက်မှုများ၊ တရားဥပဒေမဲ့မှုများ၊ လုံခြုံရေးကိစ္စရပ်များမှာ ရဲတပ်ဖွဲ့အင်အား အရမ်းကိုနည်းလွန်းတဲ့အတွက် အခက်အခဲရှိနေပါတယ်။ မူးယစ်ဆေးဝါးတားဆီး ကာကွယ်နှိမ်နင်းဖို့ မြို့နယ်ရဲမှူးနဲ့ စခန်းမှူးတို့နဲ့ တိုင်ပင်ဖြစ်ပါတယ်။ ပြန်လည်ပြောဆိုတာကတော့ ဒေသအတွင်းမှာ ရဲအင်အားမလုံလောက်တာကတစ်ကြောင်း၊ သွားရောက်ဖမ်းဆီးဖို့ ပင်လယ်ဒေသဖြစ်တဲ့အတွက် စက်လှေမရှိတာက တစ်ကြောင်း၊ ပြီးတော့ ကျွန်တော်တို့ ဒီသွားလာရအချိန်ကြန့်ကြာမှုက တစ်ကြောင်းဆိုတဲ့ ကျွန်တော်တို့ အကြောင်းပြချက်လေးတွေကို ရရှိပါတယ်။ ဒါကလည်း ကျွန်တော်တို့ ရဲတပ်ဖွဲ့ရဲ့ အခက်အခဲကို နားလည်ပေးလို့ရပါတယ်။ ဒါပေမယ့်လည်း ရဲကင်းချထားတဲ့နေရာမှာ ပင်လယ်ပြင်ကို ဖြတ်သန်းသွားလာစရာမလိုဘဲနဲ့ ရဲအင်အားလည်းရှိတယ်။ စက်လှေလည်းစီးစရာ မလိုတဲ့နေရာမှာလည်း ဖမ်းမိတယ်ဆိုတာ ခုထိတော့ ကျွန်တော်မကြားမိသေးပါဘူး။ ဒါကလည်း ကျွန်တော်နားမလည်နိုင်တဲ့ အချက်တစ်ချက်ဖြစ်ပါတယ်။ တချို့ဝန်ထမ်းတွေကိုယ်တိုင် မူးယစ်ဆေးဝါး ရောင်းချသုံးစွဲနေတယ် ဆိုတာကိုသိရပါတယ်။

၂၈-၇-၂၀၁၆ ရက်နေ့က ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ အမှတ်(၁) နယ်ခြားစောင့် ကွပ်ကဲမှုလက်အောက်မှာရှိတဲ့ ကျောက်ပန်ထု(န.တ.လ)ရဲကင်းစခန်းမှ ကာလတန်ဖိုးကျပ် သိန်း(၆၀၀၀)ခန့်ရှိတဲ့ WY မူးယစ်စိတ်ကြွဆေးပြားများကို ဖမ်းမိခဲ့ကြောင်းလည်း ကျွန်တော်တို့သိရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဝန်ထမ်းတွေ ဘယ်လောက်အထိ ပါဝင်ပတ်သက်နေလဲဆိုတာကို သိနိုင်ပါတယ်။ ဒေသခံပြည်သူတွေက ကျွန်တော်တို့ မြိတ်နဲ့ ကျွန်းစုက ရဲတွေကို သွေးစစ်ပေးဖို့လိုလားနေကြပါတယ်။ မူးယစ်ဆေးဝါး ကင်းရှင်းတဲ့ ရဲမှသာလျှင် မူးယစ်ဆေးဝါး တားဆီးပေးနိုင်မယ်လို့ ပြောကြပါတယ်။ ရဲတပ်ဖွဲ့အင်အားကိုလည်း တိုးချဲ့ဖို့လိုပါတယ်။ အရည်အသွေးမြှင့်တင်ဖို့လည်း လိုပါတယ်။ တကယ်ထိထိရောက်ရောက် ဆောင်ရွက်တဲ့ ရဲတွေကြတော့ မူးယစ်ဆေးဝါးရောင်းချတဲ့ သူတွေက သေနတ်ဖြင့်ပြန်လည်ပစ်ခတ်လို့ သေဆုံးရတဲ့ဖြစ်စဉ် ထားဝယ်မြို့ပေါ်မှာ ဖြစ်ပွားခဲ့ပါတယ်။ ရောင်းချသူတွေလက်ထဲမှာ လက်နက်တွေရှိတယ်လို့ထင်တဲ့အတွက် ဒေသခံတချို့က မိမိရဲ့အသက်ဘေးအန္တရာယ်ထိခိုက်မှာကြောင့် သတင်းမပေးရဲကြပါဘူး။

အခုတင်ပြနေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အသက်အန္တရာယ်တောင် ဘယ်သူမှအာမခံချက် မပေးနိုင်ပါဘူး။ ဒါကလည်း မူးယစ်ဆေးဝါးတားဆီး ကာကွယ်နှိမ်နှင်းရေးမှာ အစိုးရအဖွဲ့သတိထားရမယ့် စဉ်းစားရမယ့် အချက်လည်းဖြစ်ပါတယ်။ အစီအစဉ်တကျ ချမှတ်ပြီးတော့ အားနည်းချက်တွေကို ပြန်လည်သုံးသပ်ပြီး လုပ်ဆောင်မယ်ဆိုရင်တော့ အကောင်းဆုံးပဲ ဖြစ်မှာပါ။

ဖမ်းဆီးရမိတဲ့အခါမှာ ဒိုင်ရင်းတွေကိုမိဖို့လိုပါတယ်။ အကိုင်းအခက်တွေကို လိုက်ခုတ်နေရင်တော့ ကျွန်တော်တို့ အကျိုးမထူးပါဘူး။ သုံးစွဲသူတွေကိုသာ ဖမ်းနေလို့ရှိရင် မြန်မာနိုင်ငံရဲ့ အကျဉ်းထောင်တွေလည်း ဆံ့မှာမဟုတ်ပါဘူး။ ဒုတိယအချက်ဖြစ်တဲ့ မူးယစ်ဆေးဝါးသုံးစွဲတဲ့သူတွေကို ပညာပေးကာလတစ်ခုအဖြစ် သတ်မှတ် ပြီးတော့ မြန်မာနိုင်ငံအနှံ့ ရပ်ကွက်၊ ကျေးရွာမကျန် ထိထိရောက်ရောက် ပညာပေးဖို့အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ NGO, INGO, ILGO စသည်ဖြင့် အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ တတိယအချက်ဖြစ်တဲ့ မူးယစ်ဆေးဝါး သုံးစွဲသူများက မူးယစ်ဆေးဝါး ဖြတ်ချင်တဲ့သူတွေအတွက် အလွယ်တကူ ကုသမှုခံယူနိုင်မယ့် ကုသရေးနဲ့ပြန်လည်ထူထောင်ရေးဌာနများကိုလည်း ဒေသအလိုက် လိုအပ်သလို ဖွင့်လှစ်နိုင်ဖို့ အရေးကြီးပါတယ်။

နိဂုံးချုပ်အားဖြင့် အနာဂတ်လူငယ်တွေ လမ်းမှားမရောက်အောင် တိုင်းပြည်ကို မူးယစ်ဆေးဝါးနွံထဲမှ ရုန်းထွက်နိုင်အောင်၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီးတော့ ထိထိရောက်ရောက် ဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ အဆိုရှင်ပါ သဘောတူပါက ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း တင်သွင်းသော အဆိုမှာပါတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတစ်ခွင် ရပ်ကွက်၊ကျေးရွာ ခပ်များများတွင်ဆိုတဲ့ စကားရပ်အစား မြန်မာနိုင်ငံအနှံ့ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ၊ အုပ်စုအလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျသည့်နေရာများအား အမြစ်ပြတ်ရှင်းလင်းဖယ်ရှားရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ် ပညာပေးမှုများကို ရပ်ကွက်၊ ကျေးရွာများပါမကျန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေးနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူများအား ပြန်လည်ပြုစုကုသပျိုးထောင်ပေးနိုင်သည့် စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးသို့ ပြင်ဆင်ပြောင်းလဲရန် သဘောထားရယူသင့်ပါကြောင်း ထောက်ခံအကြံပြုဆွေးနွေးအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၈။**

**ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းဆိုင်ကျော်ဆမ် ဖြစ်ပါတယ်ခင်ဗျား။ အစည်းအဝေးရဲ့ ပထမနေ့မှာ အဆိုတင်သွင်းထားတဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ အဆိုမှာ ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင်လို့ ပါရှိသော်လည်း ၎င်းအဆိုက တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့အကြောင်း အဆိုရှင်ကိုယ်တိုင် အဲဒီနေ့မှာ အဆိုရှင်ကြိုပြောထားပါတယ်။ ရှင်းလင်းထားပါတယ်ခင်ဗျား။ မှန်ပါတယ်ခင်ဗျား။ အဲဒီ မူးယစ်ဆေးဝါး ပြဿနာဟာ တစ်နိုင်ငံလုံး ရင်ဆိုင်နေရတဲ့

ပြဿနာကြီး ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုကြီး ဖြစ်ပါတယ်ခင်ဗျား။ တခြား ကိုယ်စားလှယ်တွေလည်း ဆွေးနွေးမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော့်ဒေသမှာဖြစ်တဲ့ ကိစ္စတွေကိုပဲ အကျဉ်းချုံး ဆွေးနွေးသွားပါမယ်ခင်ဗျား။

ကျွန်တော်က ရှမ်းပြည်နယ်၊ အရှေ့ပိုင်းဒေသ၊ ကျိုင်းတုံက ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ အရှေ့ပိုင်းဒေသကတော့ မူးယစ်ဆေးဝါး ကိစ္စနဲ့ ပတ်သက်လာလို့ဆိုရင်တော့ အထူးပြောစရာမလိုပါဘူးခင်ဗျား။ Golden Triangle ဆိုပြီးတော့ အစကတည်းက နာမည်ကြီးပြီးသား ဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးတဲ့ နေရာမှာလည်း အများဆုံး၊ ဘိန်းကလည်း အထွက်ရှိဆုံး၊ ဘိန်းဖြူ ဘိန်းညိုဆိုတာကလည်း အစောဆုံး၊ ပြီးတော့ ယခု ရာဘ ဆိုတာကလည်း ကျွန်တော်တို့ဆီမှာ ထိပ်ဆုံးကပဲ ပြေးနေပါတယ်ခင်ဗျား။ ရာဘ ဆိုတာကလည်း အဲဒါ ရှမ်းစကားလုံး ဖြစ်ပါတယ်။ ရာ ဆိုတာ ဆေးဖြစ်ပါတယ်။ ဘ ဆိုတာ အရူး ဖြစ်ပါတယ်။ အဲဒါ ကြောင့် အဲဒီဆေးသောက်လို့ရှိရင် ရူးပါတယ်ခင်ဗျား။ အဲဒါကြောင့် ရာဘ လို့ ခေါ်ပါတယ်။ ဒါပေမဲ့ တချို့နေရာတွေကျတော့ ရာမ မြင်းဆေးဆိုပြီးတော့ ဖြစ်သွားပါတယ်။ တကယ်ဆို ကျွန်တော်တို့ ဒေသကတော့ ရာဘ ခေါ်ပါတယ်။ အရူးဆေးပေါ့ခင်ဗျား။ သောက်လို့ရှိရင် ရူးတယ်။ ဒါကြောင့် အဲဒီ ဆေးပြားလည်း ကျွန်တော်တို့ဒေသမှာ အများဆုံး ဒုက္ခပေးနေပြီ ဖြစ်ပါတယ်။ ဘိန်းဖြူ ဆိုလို့ရှိရင် ကျွန်တော်တို့ လွန်ခဲ့တဲ့ အနှစ်(၄၀)ကျော်၊ (၅၀) ကျွန်တော်တို့ ကျောင်းသားအရွယ်ကတည်းက ကြုံတွေ့နေရပါပြီခင်ဗျား။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ပြည်မမှာဆိုလို့ရှိရင် ဆေးခြောက်တို့၊ clomethiazine တို့၊ benzidine တို့ အဲဒီအဆင့်ပဲရှိတယ်။ ကျွန်တော်တို့ဆီမှာတော့ ဘိန်းဖြူနဲ့ ထိပ်ဆုံးက ရင်ဆိုင်နေရပါပြီ။ ဒါကြောင့် မူးယစ်ဆေးဝါးကိစ္စ ဖမ်းမိပြီဆိုလို့ရှိရင် အရင်တုန်းကတော့ ကျွန်တော်တို့ ရှမ်းပြည်၊ အရှေ့ပိုင်းဒေသပေါ့၊ တာချီလိတ်၊ ကျိုင်းတုံ အဲဒီကပဲ မိုင်းဆတ်၊ မိုင်းတုံ အဲဒီဘက်က များပါတယ်။ ယခုဆိုလို့ရှိရင် တစ်ပြည်လုံး ပျံ့နှံ့နေပြီ ဖြစ်ပါတယ်။

အဲဒါကြောင့် ဒီ မူးယစ်ဆေးဝါးကိစ္စဟာ တစ်ပြည်လုံးနဲ့ ဆိုင်နေပြီ၊ တစ်ပြည်လုံးကို ဒုက္ခပေးနေပြီဆိုတာကို ထင်ရှားပါတယ်ခင်ဗျား။ ဒါပေမဲ့ အဲဒီမူးယစ်ဆေးဝါးကိစ္စကို အစိုးရက မလုပ်ဘူးလား။ မဟုတ်ပါဘူး။ အရင်ကတည်းကပဲ၊ ခေတ်အဆက်ဆက်က လုပ်နေတာကို တွေ့ရှိရပါတယ်။ ပြီးခဲ့တဲ့ ဇွန်လ ၂၆ ရက်နေ့ ကမ္ဘာ့မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့မှာ ကျွန်တော်တို့ရဲ့ ရှမ်းအရှေ့ဒေသ မူးယစ်ဆေးဝါး အခမ်းအနားကို ကျွန်တော်တက်ရောက်ခဲ့ပါတယ်။ အဲဒီ မူးယစ်ဆေးဝါးပြခန်းမှာ ဖမ်းမိတဲ့ ရှမ်းအရှေ့ဒေသပေါ့၊ အဲဒီမှာ ဖမ်းမိတဲ့ ဆေးဝါးတွေ၊ ပြီးတော့ ပညာပေးစာတမ်းတွေ၊ ပြီးတော့ဖျက်ဆီးတဲ့သတင်းတွေကို အဲဒီမှာ ပြခန်းမှာ ပြသထားပါတယ်။ ဒီနှစ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့မှာ ရှမ်းပြည်နယ်တစ်ခုလုံး ဖမ်းဆီးရတဲ့ ဆေးဝါးဟာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၈၂)သန်း မီးရှို့ဖျက်ဆီးတယ်လို့လည်း သိခဲ့ရပါတယ်။ ဒါပေမဲ့ ဖမ်းမိတဲ့ အကြောင်းအရာကို ပြန်ကြည့်မယ်ဆိုလို့ရှိရင်တော့ နယ်ကျော်သယ်ဆောင်စဉ် ဖမ်းမိတာပဲ များပါတယ်။ အိမ်တွင်း မူးယစ်ဆေးထုတ်တဲ့ အသေးစား စက်ကလေးတွေနဲ့ ဆေးပြား ထုတ်လုပ်တဲ့နေရာကို ဝင်ရောက်ဖမ်းဆီးနေတာကိုလည်း တွေ့ရပါတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတဲ့ အချက်ကတော့ မူးယစ်ဆေးဝါး အမြောက်အမြား ထုတ်လုပ်တဲ့ဒေသတွေ၊ မူးယစ်ဆေးဝါးဖော်စပ်ဖို့ သိုလှောင်တဲ့ ဆေးပုံးအမြောက်အမြားတွေ၊ Precursor တွေ၊ ဓာတုပစ္စည်းတွေ၊ ပစ္စည်းကိရိယာတွေကိုတော့ ပိုင်ရှင်မဲ့အနေနဲ့ပဲ ဖမ်းမိတာ တွေ့ရှိရပါတယ်။

မူးယစ်ဆေးဝါး အမြစ်ပြတ်ဖို့ ဆိုလို့ရှိရင် အဲဒီ အဓိကနေရာကြီးကို ဖြိုဖျက်နိုင်မှ ရပါတယ် ခင်ဗျား။ အခုဆိုလို့ရှိရင် အဓိကပင်မကြီးကို ဖြိုဖျက်ရမှာ ဖြစ်သလို အကိုင်းအခက်နေရာကိုလည်း ကျွန်တော်တို့ သတိပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီအဆိုရှင်က ကျေးရွာ၊ ရပ်ကွက် ခပ်များများမှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားနေမှုကို အရေးယူပေးဖို့ ဆိုပြီးတော့ အဆိုတင်သွင်းထားပါတယ် ခင်ဗျား။ မှန်ပါတယ် ယခုအခါ မြို့နယ် အတော်များများမှာ ကျေးရွာအုပ်စုအထိ မူးယစ်ဆေးဝါးတွေ လိုက်ရောင်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့် မြို့အဝင်၊ အထွက်ဂိတ်မှာ စောင့်ပြီးတော့ မူးယစ်ဆေးဝါးကို ဖမ်းရမယ့်အပြင် ကျေးရွာအထိ လိုက်ရောင်းနေတာကိုလည်း ကျွန်တော်တို့ ဖမ်းဖို့လိုအပ်ပါတယ်ခင်ဗျား။ ပြီးတော့ လူငယ်တွေ စုဝေးနေတဲ့ Game ဆိုင်တွေကိုလည်း မူးယစ်ဆေးဝါးတွေ ရောင်းနေတာ တွေ့တယ်။ ကျောင်းအနီးအနားမှာလည်း မူးယစ်ဆေးဝါးတွေ ရောင်းနေတာတွေ့တယ်။ အဲဒါတွေ့တော့ ကျွန်တော်ရဲ့ မဲဆန္ဒနယ်နေရာဆိုလို့ရှိရင် ကိုယ်တိုင်ဝင်ရောက်ဖမ်းချင်တဲ့ စိတ်တောင် ပေါ်လာတယ်။ အဲဒါကျွန်တော်ကို လာတင်ပြတယ်။ ကချင်ဒေသလို ပြည်သူလူထုကပဲ ဖမ်းလို့မရဘူး လားဆိုတဲ့ အဆင့်အထိတောင် မူးယစ်ဆေးဝါးတွေက လွယ်လွယ်နဲ့ ရောင်းဝယ်နေတာ တွေ့ရှိရပါတယ် ခင်ဗျား။

ဆေးပြားကလည်း အရင်တုန်းကဆိုလို့ရှိရင် တစ်ပြားကို (၃၀၀၀)၊ (၄၀၀၀)နဲ့ရတယ်။ ဒါပေမဲ့ ယခုအခါ (၁၀၀၀)ကို (၂)၊ (၃)ပြားရနေတဲ့ ဆေးမျိုးတွေလည်း အပေါစားဆေးတွေလည်း ပေါ်လာတာ လည်းတွေ့ရတယ်။ အဲဒါကြောင့် ကျောင်းသားအရွယ်တွေ ဆေးဝါးသုံးလာတယ်။ လက်လှမ်းမီလာတယ်။ ပျက်စီးတဲ့လူဟာလည်း ပိုပြီးတော့များလာတယ်။ ပိုပြီးတော့လည်း ကြောက်စရာကောင်း လာပါတယ် ခင်ဗျား။ ယခု Game ဆိုင်တွေမှာ မူးယစ်ဆေးဝါး သုံးစွဲတဲ့သူတွေ၊ မူးယစ်ဆေးဝါး ရောင်းဝယ်တဲ့သူတွေ ရှုပ်ထွေးတဲ့အတွက်ကြောင့် အဲဒီ ရပ်ကွက်အတွင်းမှာရှိတဲ့ လူထုများ၊ ကလေးမိဘ များဟာ Game ဆိုင်နဲ့ ပတ်သက်ပြီးတော့ တိုင်ကြားမှုတွေ အနယ်နယ် အရပ်ရပ်မှာ ရှိနေတာကို ကျွန်တော်တို့ ဂျာနယ်မှာ မြင်ရ၊ တွေ့ရပါတယ်။ ကျွန်တော်တို့ ဒေသမှာလည်း အဲဒီလိုတိုင်ကြားမှုတွေရှိလို့ ကျွန်တော်တို့ဆီက ငါးမန်း Game ဆိုင် ခေါ်တာပေါ့၊ အဲဒီ ငါးမန်း Game ဆိုင်က လွန်ခဲ့တဲ့ (၂)လက ပိတ်သွားတယ်လို့ ကျွန်တော်တို့ ကြားသိရပါတယ်။ ပြီးတော့လည်း လွန်ခဲ့တဲ့ (၂)ရက်ပေါ့၊ (၃၀)ရက်နေ့ ၇ လမှာလည်း Game ဆိုင် (၈) ဆိုင်ပိတ်ဖို့ ဆိုပြီးတော့ ရဲစခန်းမှူးက ရပ်ကွက်ရုံးကိုဆင့်ပြီးတော့ အဲဒီ Game ဆိုင်ပိုင်ရှင်တွေကိုခေါ်ပြီးတော့ Game ဆိုင်ပိတ်ပေးဖို့ဆိုပြီးတော့ လက်မှတ်ရေးထိုးခိုင်းတာ တွေ့ရပါတယ်။

အဲဒါကြောင့် မူးယစ်ဆေးဝါး ဖြန့်ဖြူးတဲ့နေရာတွေ၊ မူးယစ်ဆေးဝါး ရောင်းတဲ့နေရာတွေကို ကျွန်တော်တို့ သတိထားပြီးတော့ ဖမ်းဆီးဖို့ လိုအပ်နေပြီလို့ တင်ပြလိုပါတယ်ခင်ဗျား။ မူးယစ်ဆေးဝါး ပညာပေးတဲ့အပိုင်းမှာ ပြန်ကြည့်မယ်ဆိုလို့ရှိရင် ကျေးရွာအထိ အဆိုရှင်ကလည်း ဆိုထားပါတယ်။ ကျေးရွာများအထိပါမကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်ဆိုတာ တင်ပြထားပါတယ်။ အဲဒီမှာ ပညာပေးမှု အပိုင်းကို ပြန်ကြည့်မယ်ဆိုလို့ရှိရင်တော့ မြို့ကြီးတွေမှာ လုပ်ပေးတာတော့ တွေ့ရပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကျိုင်းတုံမှာ ဆိုလို့ရှိရင် လွန်ခဲ့တဲ့ (၅)ရက်၊ (၂၇)ရက်နေ့ ၇ လပိုင်းမှာ Myanmar Anti-Narcotics Association (MANA)နဲ့ ပြည်သူ့ရဲတွေနဲ့ ပေါင်းပြီးတော့ ကျောင်းမှာ ပညာပေး ဆွေးနွေးပွဲ လုပ်ခဲ့ တယ်လို့ ကြားသိရပါတယ်။ ဒါပေမဲ့ အဲဒါ ကျိုင်းတုံမြို့ကြီးတွေမှာ ဖြစ်တယ်။ မြို့ငယ်တွေဖြစ်တဲ့

မိုင်းခတ် တို့၊ မိုင်းယန်း တို့၊ ပြီးတော့ အဆိုရှင်တင်ပြထားသလို ကျေးရွာအုပ်စုတွေမှာလည်း အဲဒီလို ပညာပေးမှု အပိုင်းတွေလုပ်ဖို့ လိုအပ်တယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။

ပြီးတော့ အဲဒီမှာ ပညာပေးမှုအပိုင်းဆိုလို့ရှိရင် ဟိုနေ့က ကျွန်တော်တက်ခဲ့တဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့၊ အဲဒီမှာ လက်ကမ်းစာစောင်တွေ ဖြန့်ဝေတာတွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီလက်ကမ်း စာစောင်က ဒီ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အခမ်းအနားနေ့မှာပဲ ဖြန့်နေတာတွေ့တယ်။ ဒါပေမဲ့ ကျွန်တော်ဆိုလိုချင်တာကတော့ မူးယစ်ဆေးဝါး လက်ကမ်းစာစောင်မျိုးကို ကျယ်ကျယ် ပြန့်ပြန့်ပေါ့၊ ဒီထက်မက ဖြန့်ဖြူးဖို့လိုတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားဘာသာအနေနဲ့လည်း ဘာသာ ပြန်ပြီးတော့ ဖြန့်ဝေပေးဖို့လည်း အများကြီးလိုအပ်ပါတယ်။ မူးယစ်ဆေးဝါးစာစောင်ကို အဲဒါမှလည်း ပြည်သူတွေ ဒီအန္တရာယ်ကို သိရမှာ ဖြစ်ပါတယ်။ ပြီးတော့ ဒီစာစောင်ထဲမှာ ဘာပါသလဲဆိုတော့ ဒီ မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းပုံ ဆိုတာလည်း ပါတယ်။ ဒါကြောင့် အခုကျွန်တော်တို့ နိုင်ငံမှာ ဒီ တိုင်းဒေသအဆင့်ရယ်၊ ခရိုင်အဆင့်ရယ်၊ မြို့နယ်အဆင့်ရယ်၊ ရပ်ကွက်အဆင့်ရယ်ဆိုပြီးတော့ အဲဒီ တားဆီးရေး၊ ကာကွယ်ရေးအဖွဲ့ကို ဖွဲ့ထားပြီး သား တွေ့ရပါတယ်။ အဲဒီ ရပ်ကွက်နဲ့ ကျေးရွာအုပ်စု မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းစေတဲ့ ဆေးဝါး အန္တရာယ်ကို တားဆီးကာကွယ်ဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့မှာဆိုလို့ရှိရင် လူထုကို အခြေပြုပြီးတော့ ရာအိမ်မှူးတို့၊ ဆယ်အိမ်မှူးတို့၊ ရပ်မိရပ်ဖတို့၊ လူငယ်ခေါင်းဆောင်တို့အပြင် ဝန်ထမ်းတွေ၊ ပြီးတော့ အသင်းအဖွဲ့တွေ ဘာသာရေးအသင်းအဖွဲ့က ကိုယ်စားလှယ်တောင် ပါထားသေးတယ်။ အဲဒါကြောင့် လူထုကို ဗဟိုပြုနဲ့ လုပ်ထားတာရှိတဲ့အတွက်ကြောင့် ဒီတစ်ခါတော့ မူးယစ်ဆေးဝါးကို ကောင်းကောင်း နှိမ်နင်းနိုင်မယ်လို့ မျှော်လင့်ပါတယ်ခင်ဗျား။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် အဲဒီ မူးယစ်ဆေးဝါးကိစ္စက ကျွန်တော်တို့ ဟိုပထမ တစ်ယောက်ကလည်း ပြောထားပါတယ်။ ကိုလိုနီရဲ့ အမွေအနှစ်ဆိုးလို့လည်း ပြောထားပါတယ်။ ဟုတ်ပါ တယ်။ လွတ်လပ်ရေးရပြီးကတည်းက မူးယစ်ဆေးဝါးကိစ္စက ကျွန်တော်တို့နဲ့ တွဲပါလာတယ်။ ငြိမ်းချမ်းရေးကိစ္စလိုပါပဲ။ လွန်ခဲ့တဲ့ နှစ်(၆၀)ကတည်းက ပါလာတယ်။ ဒါပေမဲ့ ယခုအထိ အမြစ်မပြတ် နိုင်သေးဘူး။ အဲဒီ မူးယစ်ဆေးဝါးကိစ္စက မဖြတ်တာ ဘာကြောင့်တုန်းဆိုပြီးတော့ စဥ်းစားစရာ ဖြစ်လာ တယ်။ မူးယစ်ဆေးဝါးကိစ္စကို အဲဒါဆောင်ရွက်ဖို့ ကိစ္စဆိုလို့ရှိရင် ကျွန်တော်တို့မှာ အဖွဲ့တွေ ဟိုးယခင် ကတည်းက ဖွဲ့ထားတာတွေ့ရပါတယ်။ ဥပမာပြောရမယ်ဆိုလို့ရှိရင် အဲဒီမူးယစ်ဆေးဝါးကိစ္စဟာ ကျွန်တော်တို့နိုင်ငံမှာ သောင်းကျန်းနေတဲ့ ကြွက်နဲ့တူပါတယ်။ သောင်းကျန်းနေတဲ့ ကြွက်ကို နှိမ်နင်းဖို့ ဆိုလို့ရှိရင် ကြောင်က အရင်ကတည်းက ရှိပါတယ်။ ဒါပေမဲ့ အဲဒီကြောင်က ကြွက်ကို အမြစ်ပြတ်အောင် မဆောင်ရွက်နိုင်သေးဘူး။ အဲဒါဘာကြောင့်တုန်း၊ အဲဒီကြောင်ကြီးက ကြွက်ကို မခုတ်တတ်တာလား။ ဒါမှမဟုတ်လို့ရှိရင် ++++++++++ (ဩဘာသံများ)

**အချိန်၊ ၁၁:၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၄၈။**

**ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ ဒေါ်ထုမေ ဖြစ်ပါတယ်။ အဆိုရှင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း အဆိုနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ရှေးရှုလျက် ဆက်စပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံဟာ နှစ်ပေါင်းများစွာကပင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ဖားကန့် ဒေသနဲ့ တခြားဒေသတွေမှာနေပြီးတော့ မူးယစ်ဆေးဝါးပျံ့နှံ့လျက်ရှိပြီးတော့ လူငယ်၊ လူရွယ်များ အပါအဝင် ပတ်သက်သုံးစွဲ ရောင်းချလျက်ရှိတာကို စာရင်းအင်းများ၊ ဒီ နေ့စဉ်သတင်းများအရ ကျွန်မ တို့ သိရှိရမှာဖြစ်ပါတယ်။ ကျွန်မကတော့ ရခိုင်ပြည်နယ်နဲ့ ပတ်သက်တဲ့ အခြေအနေ အရပ်ရပ်ကို တင်ပြဆွေးနွေးချင်ပါတယ်။ အခုအခါမှာတော့ ရခိုင်ပြည်နယ်အတွင်းသို့ မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားမှု နယ်ပယ်စားကျက် ပြောင်းလာတာနေပြီးတော့ သတိထားမိလာကြမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ နှစ်ပေါင်းများစွာက နံပါတ်ဖိုး ထိုးသူများ၊ ဆေးပြားသုံးစွဲသူများ အတော်အတန်ရှိခဲ့ ပေမယ့် ယခုအခါမှာတော့ ဆေးပြားကို ရခိုင်ပြည်နယ်ရဲ့ နေရာအနှံ့မှာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေကြ တာကို ကြားသိရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရခိုင်ပြည်နယ်ဟာ နယ်စပ်ပြည်နယ်ဖြစ်တာ ကြောင့် နိုင်ငံတကာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားတဲ့ နေရာမှာ လမ်းကြောင်းသဖွယ်ဖြစ်နေ ပါတယ်။ ရခိုင်ပြည်နယ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ် အရှေ့အလယ်ပိုင်းအထိ ရောင်းဝယ်ဖောက်ကားရာ မှာ အဓိကလမ်းကြောင်းဖြစ်ပြီးတော့ ပြည်နယ်အတွင်း အထူးသဖြင့်နေပြီးတော့ စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့များနဲ့ အခြားမြို့များသို့ ဒီ အလွှာပေါင်းစုံကနေပြီးတော့ ပျံ့နှံ့ကာ နေရာပေါင်းစုံမှာ ရောင်းဝယ် ဖောက်ကားတဲ့ဟာကို ကျွန်မတို့ တွေ့ရှိရမှာ ဖြစ်ပါတယ်။

မကြာသေးမီ(၂)နှစ်အတွင်းကစပြီးတော့ ကျောင်းသားလူငယ်များအထိ သုံးစွဲလာတယ်ဆို တဲ့ဟာကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့ခံတစ်ဦးနဲ့ ကျောက်ဖြူမြို့မှ မြို့ခံတစ်ဦးကနေပြီးတော့ ကျွန်မဆီကို ပြောပါတယ်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူတွေဟာ အသိဉာဏ် မရင့်ကျက်သေးတဲ့ လူငယ်၊လူရွယ်၊ကျောင်းသူ၊ ကျောင်းသားတွေကို ပစ်မှတ်ထားကြပါတယ်။ အဲဒီလိုလူငယ်၊လူရွယ်ထဲကို ပျံ့နှံ့သုံးစွဲလာခြင်းဟာ အသိပညာပေးမှုနည်းပါးခြင်း၊ အလွယ်တကူဝယ်လို့ရရှိခြင်းနဲ့ ဈေးနှုန်း သက်သာခြင်းတို့ကြောင့်ဖြစ်ပါတယ်။ အကြီးမားဆုံး အန္တရာယ်ကတော့ စာသင်ကျောင်းများတွေမှာ လည်း ရောင်းဝယ်မှုများရှိနေပြီး ကျောင်းသူ/ကျောင်းသားများ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ရင်ဆိုင် နေရပါတယ်။ ဒါဟာ ဘာကိုပြသလဲဆိုလို့ရှိရင်တော့ ကျွန်မတို့မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါး အန္တရာယ် ဟာ ပညာရေး ကဏ္ဍကိုပါ ထိပါးလာပြီးတော့ နိုင်ငံအနာဂတ်ကို ရဲရဲတင်းတင်း စိန်ခေါ်မှုတွေ ဖြစ်နေ တာကြောင့် ပြည်သူကိုယ်စားလှယ်တစ်ဦးအနေနဲ့ အနာဂတ်မျိုးဆက်သစ်များအတွက် ကျွန်မ အင်မတန်မှ စိုးရိမ်ပူပန်မိပါတယ်။

မြန်မာနိုင်ငံဟာ လူငယ်ထုဟာ နေပြီးတော့ ကြီးမားစွာတည်ရှိနေပါတယ်။ အဲဒီမူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားတဲ့သူတွေဟာလည်း လူငယ်ထုကို ပစ်မှတ်ထားနေကြတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ နိုင်ငံတော်အဆင့်တွေကနေပြီးတော့ ကျွန်မတို့ အချိန်မီတားဆီးဖို့ လိုပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ နေပြီးတော့ တိုင်းနဲ့ ပြည်နယ် မူးယစ်ဆေးဝါး ဖမ်းဆီးရမိတဲ့ စာရင်းအရ ရခိုင်ပြည်နယ်ဟာ ဘိန်းဖြူဖမ်းဆီးရမိခြင်း မရှိပေမယ့် စိတ်ကြွရူးသွပ် ဆေးပြား ဖမ်းဆီးရမိမှုမှာတော့ တစ်နိုင်ငံလုံးမှာ မန္တလေးတိုင်းနဲ့ ရှမ်းပြည်နယ်ပြီးလို့ရှိရင် တတိယမြောက် ပမာဏ အများဆုံးဖြစ်ပါတယ်။ ဆေးခြောက်ဆိုလို့ရှိရင်လည်း တစ်နိုင်ငံလုံးမှာ ရန်ကုန်တိုင်း ပြီးလို့ရှိရင် ရခိုင်ပြည်နယ်ဟာ ဒုတိယ အများဆုံး ပမာဏရှိပါတယ်။ ဒါကို သုံးသပ်ခြင်းအားဖြင့် ရခိုင်ပြည်နယ်ဟာ မူးယစ်ဆေးဝါးအန္တရာယ်မှာ ကျရောက်နေတယ်ဆိုတာ မီးမောင်းထိုးပြနေခြင်း ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးအစ အရက်နဲ့ ဆေးလိပ်ကဆိုတဲ့အတိုင်း အလျဉ်းသင့်လို့ ကျွန်မ မူးယစ်နဲ့သက်ဆိုင်တဲ့ အရက်အကြောင်းကို ဖြည့်စွက်တင်ပြချင်ပါတယ်။ ရခိုင်ပြည်နယ်သို့ အရက်မျိုးစုံဟာ သင်္ဘောကြီး/ငယ်၊ ကားများနဲ့ ဝင်ရောက်လျက်ရှိပါတယ်။ ရခိုင်တစ်ပြည်နယ်လုံးမှာ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်မှာတော့ တရားဝင်လိုင်စင်ချပေးထားတဲ့ ဆိုင်ပေါင်းကနေပြီးတော့ (၁၀၇၆)ဆိုင်ရှိတယ်လို့ သိရပါတယ်။ အဲဒီဆိုင်တွေက နေပြီးတော့ အထူးသဖြင့် စားသောက်ဆိုင်တွေ အပါအဝင် နောက်ထပ် နေရာမျိုးစုံမှာ ရောင်းချနေကြတာကို တွေ့ရပါမယ်။

ရခိုင်ပြည်နယ်ကို တင်ပို့လာတဲ့ အရက်နဲ့ ပတ်သက်ပြီးတော့ စာရင်းအင်း ပမာဏကို သိဖို့အတွက် အင်မတန်မှ ခက်ခဲပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်မှာ သဘာဝခေါ်ရည်က ချက်တဲ့ အရက်ပမာဏကိုလည်း ကျွန်မတို့ မသိနိုင်ပါဘူး။ အဲဒီ အရက်နဲ့ ပတ်သက်ပြီးတော့ အရည်အသွေး စစ်ဆေးတာကိုလည်း မတွေ့ရပါဘူး။ ဒါကြောင့် ရခိုင်ပြည်နယ်သည် အရက်နဲ့ ပတ်သက်လို့ ကျွန်မတို့ ဆိုရိုးစကားတောင် ပေါ်ပေါက်လာနေပါတယ်။ ရခိုင်ပြည်နယ်မှာ အရက်ကို မအိုဆေးလို့ တောင်မှ ကျွန်မတို့ သုံးနှုန်းကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မအိုခင်မှာ သေဆုံးသွားကြတဲ့အတွက် ဖြစ်ပါ တယ်။ ဒါဟာ ဘာကိုဖော်ပြသလဲဆိုလို့ရှိရင် ကျွန်မတို့ လူသားစွမ်းအား အရင်းအမြစ် တစ်ခုလုံးကိုပါ ဒီအရက်ကနေပြီးတော့ ရခိုင်ပြည်နယ်မှာ ခြိမ်းခြောက်လျက်ရှိပါတယ်။ ကျွန်မတို့ ဟိုတုန်းကဆိုလို့ရှိရင် ရခိုင်ပြည်နယ်ဟာ သား၊ ငါး၊ ပုစွန်ထွက်ရှိပြီးတော့ နိုင်ငံအနှံ့ကို တင်ပို့နိုင်သော်လည်းပဲ ယခုအခါ မှာတော့ ရန်ကုန်တိုင်းဘက်ကတောင်မှ ပင်လယ်ထွက်ကုန် ပစ္စည်းများကို ပြန်လည်ပို့ဆောင်နေရတဲ့ အနေအထားမှာ ရှိပါတယ်။ အဲဒီလိုမျိုး ပို့ဆောင်နေတဲ့ အပြန်ကုန်စည်အဖြစ် ရခိုင်ပြည်နယ်က ဘာတွေထွက်ရှိသလဲဆိုလို့ရှိရင်တော့ အရက်ပုလင်းခွံ အမျိုးမျိုးကို ကုန်းလမ်း၊ ရေလမ်းဖြင့် ပို့ဆောင်နေရတယ်ဆိုပြီးတော့ ကုန်သည်တစ်ဦးက ကျွန်မတို့ကို ပြောပါတယ်။

ဒါကိုကြည့်ခြင်းအားဖြင့် ရခိုင်ပြည်နယ်ဟာ အရက်သောက်တဲ့ ရာခိုင်နှုန်းဘယ်လောက် များပြားနေတယ်ဆိုတာကို ကျွန်မတို့ စိတ်မကောင်းစရာတွေ့ရပါတယ်။ ကျွန်မ မဲဆန္ဒနယ်ကို သွားတဲ့အခါမှာ အထူးသဖြင့် အမျိုးသမီးများဆိုလို့ရှိရင် အရက်ပိတ်ဖို့ အထိတောင် ကျွန်မကို တောင်းဆိုကြပါတယ်။ ဒါဟာဘာဖြစ်လဲဆိုတော့ သူတို့အတွက် အန္တရာယ်မှာ ကြီးမားပါတယ်။ အရက်သောက်တဲ့ အမျိုးသားတွေ များလာခြင်းသည် သူတို့မိသားစု တစ်ခုလုံးကို ထိခိုက်စေတာကြောင့်မို့လို့ အမျိုးသမီး ထုကိုယ်တိုင်တောင်မှ အရက်ပိတ်ဖို့ကို တောင်းဆိုကြတာ ဖြစ်ပါတယ်။ အမှန်တကယ်ကနေပြီးတော့ ဒီ

အမျိုးသမီးထုတွေဟာ အရက်နဲ့ ပတ်သက်ပြီးတော့ သူတို့ဟာ သူတို့ရဲ့ လူမှုဒုက္ခတွေနဲ့တကွ အစစအရာရာ ခံစားနေရတဲ့အတွက်ကြောင့်မိုလို့ ဒါသူတို့တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါးဟာ နိုင်ငံအနာဂတ်အတွက် ရင်လေးစရာဖြစ်နေတာကြောင့် စစ်ဆင်ရေးသဖွယ် ကျွန်မတို့ အရေးတကြီးတိုက်ဖို့ လိုအပ်နေပါတယ်။ လုပ်ဆောင်တဲ့အခါမှာလည်း ဖမ်းဆီးရုံသက်သက်နဲ့ မပြီးပါဘူး။ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လူမှုအသိုင်းအဝိုင်းများ ပါဝင်ပြီးတော့ ကျောင်းသားလူငယ်များအထိပါ ပညာပေးဖို့ လိုအပ်ပါတယ်။

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားတဲ့ အတွက်ကြောင့် အရေးယူတဲ့အခါမှာ စီးပွားရေးလုပ်ငန်းရှင်များသာမက တာဝန်ရှိပုဂ္ဂိုလ်များတွေပါ ပါဝင်နေပါတယ်။ အကုန်လုံးဒီမှာ အရှေ့က ကိုယ်စားလှယ်တွေလည်း တင်ပြပြီးသားဖြစ်ပါတယ်။ မောင်တောမြို့နယ်မှာ နယ်စပ်လုံခြုံရေးတပ်ဖွဲ့ကနေပြီးတော့ စိတ်ကြွဆေးပြား သိန်းနဲ့ချီပြီးတော့ ဖမ်းဆီးရမိပါတယ်။ ဒါကနေပြီးတော့ အရေးယူတဲ့အခါမှာ အတားအဆီးတွေ ရှိနေတာကတစ်ကြောင်း၊ နောက် သတင်းတွေမှာ မကြာခဏ ဖမ်းဆီးရမိပေမယ့် ပိုင်ရှင်မဲ့တာတွေကနေပြီးတော့ ကျွန်မတို့ မြန်မာနိုင်ငံ တရားဥပဒေစိုးမိုးဖို့အတွက် လိုအပ်နေသေးတယ်ဆိုတာတွေကိုလည်း သက်သေပြလျက်ရှိပါတယ်။ ဒါကြောင့် မူးယစ်ဆေးဝါး အန္တရာယ်ကို နှိမ်နင်းရာမှာ ကိုင်းဖျား၊ ကိုင်းနားတွေကိုပဲ ကျွန်မတို့ နှိမ်နင်းတာ မဟုတ်ဘဲနဲ့ အမြစ်ပါပြုတ်အောင် ဥပဒေဆိုင်ရာ တင်းတင်းကျပ်ကျပ် အရေးယူဖို့ လိုပါတယ်။

ဒါ့အပြင် အရက်သောက်သုံးမှုနဲ့ ဆေးလိပ်သောက်သုံးမှုကိုပါ နိုင်ငံတော်အဆင့် ပညာပေးမှု လုပ်ငန်းများများ တွင်တွင်ကျယ်ကျယ်လုပ်ဖို့ လိုပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ချက်တဲ့ အရက်လုပ်ငန်းနဲ့ တဖြည်းဖြည်းလျော့နည်းသွားအောင် လုပ်ဖို့ကိုလည်း ကျွန်မဒီကနေပြီးတော့ တင်ပြချင်ပါတယ်။ အဲဒီလိုမျိုးထုတ်လုပ်ရောင်းချသူတွေရဲ့ သူတို့အရက်ချက်လုပ်ငန်းမရှိတော့ဘူး ဆိုလို့ရှိရင်လည်း သူတို့အတွက် အခြားဝင်ငွေ အစားထိုးလုပ်ငန်း ရရှိရေးကိုလည်း ရေရှည်အစီအစဉ်နဲ့ ပြင်ဆင်ပေးဖို့ လိုအပ်ကြောင်း ကျွန်မတင်ပြချင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ဒီကမ္ဘာ တစ်ဝန်းမှာ မူးယစ်ဆေးဝါးအန္တရာယ်ကနေပြီးတော့ အကြီးမားဆုံး ပြဿနာထဲက တစ်ခုဖြစ်ပါတယ်။ မူးယစ်ဆေးဝါးကြောင့် ကျန်းမာရေး၊ လူမှုလုံခြုံရေးထိခိုက်စေရုံသာမက နိုင်ငံ့လုံခြုံရေး၊ ငြိမ်းချမ်းရေးကနေပြီးတော့ တည်ငြိမ်ဖွံ့ဖြိုးရေးတို့အပြင် တရားဥပဒေစိုးမိုးရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူသားစွမ်းအားအရင်းအမြစ်ကိုလည်း ထိခိုက်ခြိမ်းခြောက်စေနိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့ မူးယစ်ဆေးဝါးကို ဖြန့်ဖြူးရောင်းဝယ်ဖောက်ကားသူများကို ဥပဒေအရ ထိရောက်စွာအရေးယူရန်နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲနေသူများကိုလည်း ပညာပေးရန်၊ နောက်တစ်ခုက ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း အစိုးရကနေပြီးတော့ နိုင်ငံတော်အဆင့် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)ရဲ့ ရှမ်းပြည် မြောက်ပိုင်းတစ်ခွင် ရပ်ကွက်၊ ကျေးရွာခပ်များများမှာ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကား နေမှုများ အား ဖမ်းဆီးအရေးယူရေး၊ အုပ်စုလိုက် မူးယစ်ဆေးဝါးများ သုံးစွဲသည့် ချောင်ကျတဲ့နေရာများကို အမြစ်ပြတ် ရှင်းလင်းဖယ်ရှားရေး၊ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးမှုများ ရပ်ကွက်/ကျေးရွာ မကျန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနဲ့ မူးယစ်ဆေးဝါးသုံးစွဲသူများ ပြန်လည်ပြုစုကုသ ပျိုးထောင် ပေးသည့်စခန်းများ လိုအပ်သည့်နေရာများတွင် ဖွင့်လှစ်ပေးရေးနဲ့ စပ်လျဉ်းတဲ့အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားခြင်း၊ သုံးစွဲခြင်းပြဿနာဟာ မြန်မာနိုင်ငံမှာသာမက အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတို့မှာ ရင်ဆိုင်နေရတဲ့ အဓိကစိန်ခေါ်မှုတစ်ခု အဖြစ် တည်ရှိနေပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ်မှာလည်း ၁၉၉၀ ခုနှစ်က စပြီးတော့ ဒေသအနှံ့အပြားမှာ အလုပ်ကြမ်းဒဏ်ခံနိုင်ရန်ဆိုပြီးတော့ မူးယစ်ဆေးဝါးကို သုံးစွဲမှုရှိလာကြောင်း၊ ၎င်းအလေ့အထကို ပြည်ပမှာသွားရောက်ပြီးတော့ အလုပ်လုပ်နေကြတဲ့ ရွှေ့ပြောင်းအလုပ်သမား တွေက မိတ်ဆက်ပေးခဲ့ ကြပါတယ်။ မူးယစ်ဆေးဝါးအမျိုးအစားများကို (၁) စိတ်ငြိမ်ဆေး၊ (၂) စိတ်ကြွဆေး၊ (၃) စိတ်ကယောင် ချောက်ချားဖြစ်စေတဲ့ ဆေးဆိုပြီးတော့ (၃)မျိုး ခွဲခြားပါရှိပါတယ်။ စိတ်ကြွဆေးပြားနဲ့ ဘိန်းစာရွက်တို့ဟာ လူငယ်လူရွယ်များအကြားမှာ အထင်ပေါ်ဆုံးနဲ့ အသုံးအများ ဆုံး ဖြစ်ကြပါတယ်။ ၂၀၁၃ ခုနှစ်မှာ ကောက်ခံရရှိတဲ့စာရင်းအင်းများအရ မွန်ပြည်နယ်ရဲ့ မြို့နယ်များ အလိုက် လူရွယ်များအကြား မူးယစ်ဆေးဝါး သုံးစွဲမှုနှုန်းတွေကတော့ မုဒုံမြို့နယ်မှာ (၅၅)ရာခိုင်နှုန်း၊ သံဖြူဇရပ်မြို့နယ်မှာ (၅၀)ရာခိုင်နှုန်း၊ လမိုင်းမြို့တစ်ဝိုက်မှာ (၄၅)ရာခိုင်နှုန်း၊ ရေးမြို့နယ်မှာ (၄၀)ရာခိုင်နှုန်း၊ ကျိုက်မရောမြို့နယ်မှာ (၃၅) ရာခိုင်နှုန်း၊ ချောင်းဆုံမြို့နယ်မှာ (၃၀)ရာခိုင်နှုန်း၊ မော်လမြိုင်မြို့မှာ (၃၀)ရာခိုင်နှုန်း၊ ပေါင်မြို့မှာ (၁၀) ရာခိုင်နှုန်း အသီးသီးတွေ့ရှိရပါတယ်။

ယခု လက်ရှိအခြေအနေမှာ လူငယ်များ၊ အထူးသဖြင့် အမျိုးသားများဟာ မူးယစ်ဆေးဝါး သုံးစွဲမှုနှုန်းဟာ (၆၀)မှ (၇၀)ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားလာသည်ကို လေ့လာတွေ့ရှိရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုရုံး UNODC ရဲ့ ၂၀၁၂ ခုနှစ်၊ ကမ္ဘာ့မူးယစ် ဆေးဝါး အစီရင်ခံစာမှာ အရွယ်ရောက်ပြီးတဲ့ ကမ္ဘာ့လူဦးရေရဲ့ (၅)ရာခိုင်နှုန်းဟာ ၂၀၁၀ ခုနှစ်အတွင်း အနည်းဆုံးတစ်ကြိမ် မူးယစ်ဆေးဝါးသုံးစွဲကြကြောင်း ဖော်ပြပါရှိပါတယ်။ ၎င်းကိန်းဂဏန်းနဲ့နှိုင်းယှဉ် လို့ရှိရင် မွန်ပြည်နယ်မှာရှိတဲ့ လူငယ်များရဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းဟာ ကမ္ဘာ့အရွယ်ရောက်ပြီးတဲ့ သူတွေ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းထက် (၃၀)ရာခိုင်နှုန်းကျော် များနေသည်ကို တွေ့ရှိရတဲ့အတွက် လူ့အဖွဲ့အစည်းအတွက် ရှေ့အလားအလာနဲ့ တည်ငြိမ်အေးချမ်းမှုအတွက်တော့ အလွန်ပင် ရင်လေး ဖွယ်ကောင်းလှပါတယ်။

၂၀၁၆ ခုနှစ်၊ ဧပြီလ(၄)ရက်နေ့က သံဖြူဇရပ်မြို့နယ် ဝယ်ဝက်ရာကျေးရွာမှာ မူးယစ်ဆေးဝါးလွှမ်းမိုးခံရသူတစ်ဦးရဲ့ ပယောဂကြောင့် မိမိနေအိမ်ကို မီးရှို့ခြင်း၊ ကျေးရွာထဲတွေ့သမျှလူကို ဓါးဖြင့် လိုက်လံခုတ်သတ်မှုကြောင့် လူနေအိမ်(၄)လုံး မီးလောင်ပျက်စီးပြီးတော့ လူ(၄)ဦးဒဏ်ရာရရှိခြင်း၊ လူ(၅)ဦးသေဆုံးခဲ့တဲ့ စိတ်မချမ်းမြေ့ဖွယ်အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ဖူးပါတယ်။ ဤကဲ့သို့အဖြစ်အပျက်မျိုး ဆိုးဆိုးရွားရွား မဖြစ်ပွားခဲ့သည့်တိုင် မူးယစ်ဆေးဝါးလွှမ်းမိုးမှုကြောင့် ကျေးဇူးရှင်မိဘနှင့် အိမ်တွင်းမောင်နှမများအပေါ် အကြမ်းဖက် အနိုင်ကျင့်သည့်ဖြစ်ရပ်များကို မကြာခဏကြားသိနေရပါသည်။ အထူးသဖြင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအင်အားစုနဲ့ အသက်သွေးကြောအဖြစ် မှတ်ယူထားရမယ့် လူငယ်လူရွယ်များအကြား မူးယစ်ဆေးဝါးသုံးစွဲမှု ကျယ်ကျယ်ပြန့်ပြန့်ရှိနေခြင်းအပေါ် ယဉ်ကျေးမှုနဲ့လူ့အဖွဲ့အစည်း လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထူးပင်အဟန့်အတား ဖြစ်စေပါတယ်။

ယနေ့ မူးယစ်ဆေးဝါးသုံးစွဲမှု အထူးသဖြင့် ရာဘစိတ်ကြွဆေးကို ပညာသင်ကြားနေသော အထက်တန်းကျောင်းသား၊ တက္ကသိုလ်ကျောင်းသားများအပါအဝင် အလွှာစုံမှ လူငယ်နှင့်ကျောင်းသားများ အကြောင်းအမျိုးမျိုးပြပြီးတော့ အသုံးပြုနေကြပါတယ်။ မည်သို့သော အကြောင်းပြချက်များရှိနေစေကာမူ မူးယစ်ဆေးဝါးသုံးစွဲသူများရဲ့ ကာယ၊ ဉာဏ၊ စိတ်ဓာတ်ဆိုင်ရာ ကျန်းမာရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်မည်မှာ အမှန်ပဲဖြစ်ပါတယ်။ ယနေ့ကဲ့သို့သော နိုင်ငံရေးအသွင် ကူးပြောင်းကာလမှာ ဒီမိုကရေစီစနစ်ခိုင်ခံ့အောင် ကြိုးပမ်းမှုကာလမှာ လူ့အဖွဲ့အစည်းကိုဦးဆောင်မယ့် ပညာတတ်အသိုင်းအဝိုင်းနဲ့ လူ့အဖွဲ့အစည်းရဲ့အားမာန်ဖြစ်တဲ့ လူငယ်ထုတို့အတွက် မူးယစ်ဆေးဝါး အန္တရာယ်ခြိမ်းခြောက်မှုကိုခံနေရသည်မှာ လူ့အဖွဲ့အစည်းအတွက် အလွန်ပင် နစ်နာလှပါတယ်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ နှိမ်နင်းရေးနဲ့ပတ်သက်ပြီးတော့ ယခင်အစိုးရ အဆက်ဆက်အနေဖြင့် မူးယစ်ဆေးဝါးကုန်သွယ်ရောင်းဝယ်သူများကို လက်တွေ့တကျ ဖမ်းဆီးမှုမပြုလုပ်နိုင်ဘဲ သုံးစွဲသူများကိုသာ မိမိတို့၏အမှုတွဲ စီမံချက်ပြည့်ရန်အတွက် ဖမ်းဆီးခြင်း၊ မူးယစ်ဆေးဝါးအတွက် လုံလောက်တဲ့ ပြန်လည်ထူထောင်ရေးစင်တာများ မရှိခြင်း၊ လူ့စွမ်းအားအရင်းအမြစ်နည်းပညာများ အားနည်းခြင်း၊ အလွဲသုံးစားမှုများနှင့် လာဘ်ပေးလာဘ်ယူမှုများရှိနေခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေး မတည်ဆောက်နိုင်မှုကြောင့် တစ်ပြည်လုံးအတိုင်းအတာအတွင်း၌ တရားဥပဒေစိုးမိုးမှုမရှိခြင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရေးဌာနအတွက် လုံလောက်တဲ့တပ်ဖွဲ့အင်အား၊ နည်းပညာပိုင်းဆိုင်ရာများ အားနည်းနေသေးခြင်း၊ ပြည်သူများနဲ့ လူမှုအဖွဲ့အစည်းများအကြား ရဲဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းစတဲ့ အားနည်းချက်များကို တွေ့ရှိရပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများကို ဆိုးကျိုးပေးနေတဲ့ မူးယစ်ဆေးဝါးပြဿနာကို ကျွန်တော်တို့လွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ ပြည်ထဲရေး စသည်တို့ရဲ့ ပူးပေါင်းအားနဲ့ စနစ်တကျကိုင်တွယ်ဖြေရှင်းကြပါစို့လို့ ပြောကြားရင်း ဦးစိုင်းဝမ်းလှိုင်းခမ်း ရဲ့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၂း၀၃ နာရီ အချိန်တွင် ရပ်နားပါသည်။]